စိတ်ကူးချိုချိုအနုပညာ




# ဗိုလ်တာရာ(ရဲဘော်သုံးကျိပ်)

ရဲမက်ပန်း

ဝတ္ထုတိုများ

mgyoe.com

mgyoe.com



ရဲမက်ပန်း

လိုင်းမအားလို့ပါခင်ဗျား

ပုဏ္ဏားပျံ

ပြေးတမ်း လိုက်တမ်း

တောတွင်းစောရ

အင်းလေးပုံပြင် အယ်ပုံတာတော

BTY0009

1,500.00 KS

mgyoe.com

mgyoe.com

ရဲမက်ပန်းဝတ္ထုတိုများ၊ ယုဝတီမာလာသိန်း
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၂၆+ မျက်နှာ၊ ၁၃ စင်တီ× ၁၉ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၈၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


– ဗိုလ်တာရာ၏ ကိုယ်ရေးအကျဉ်း (က)

၁။ ရဲမက်ပန်း ၁

၂။ လိုင်းမအားလို့ ပါခင်ဗျား ၁၁

၃။ ပုဏ္ဏားပျံ ၂၀

၄။ ပြေးတမ်း လိုက်တမ်း ၅၁

၅။ တောတွင်းစောရ ၈၄

၆။ အင်းလေးပုံပြင် အယ်ပုံတာတေ ၁၁၂


□

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com





ဗိုလ်တာရာ
(၁၉၁၆-၁၉၉၃)

ပျဉ်းမနားဇာတိ။ ၁၉၁၆ ဧပြီ ဖွား။ အဖ သစ်ကုန်သည် ဦးအကောက်၊ အမိ ဒေါ်လွမ်း။ အမည်ရင်း ဦးခင်မောင်ဦး။

၁၉၃၈ တွင် ပျဉ်းမနား ကော၊ အီး၊ အမ် အထက်တန်းကျောင်းမှ အင်္ဂလိပ်-မြန်မာ ဆယ်တန်းအောင်သည်။

၁၉၃၆ တွင် ပျဉ်းမနားခရိုင် တို့ဗမာအစည်းအရုံးဝင်၊ ၁၉၃၇ တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံး စည်းရုံးရေးမှူး၊ ဘဏ္ဍာရေးမှူးအဖြစ် တာဝန်ယူခဲ့ပြီး ၁၉၄၁ တွင် ရဲဘော်သုံးကျိပ်ဝင်အဖြစ် ဂျပန်ပြည်၌ စစ်ပညာသင်ခဲ့သည်။ ၁၉၄၂-၄၅ တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်၊ ဗမာ့ကာကွယ်ရေးတပ်မတော်တို့တွင် ပါဝင်ခဲ့ပြီး ဂျပန်တော်လှန်ရေး၌ ပါဝင်ဆင်နွှဲခဲ့သည်။ ၁၉၄၅ တွင် ကွန်မြူနစ်ပါတီဝင်၊ ၁၉၆၀ တွင် ပြည်ထောင်စုပါတီဝင်အဖြစ် ပျဉ်းမနားမြို့မှ ပါလီမန်လွှတ်တော်အမတ်အဖြစ် အရွေးခံခဲ့ရသည်။

ဒုတိယကမ္ဘာစစ်မတိုင်မီကပင် **ဘားမား**ဂျာနယ်၊ **ဒီးဒုတ်**ဂျာနယ်တို့တွင် စာစတင်ရေးသားခဲ့သည်။ ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင် အမဲလိုက်မုဆိုးဝတ္ထုများကို ရေးသားခြင်းဖြင့်

mgyoe.com

mgyoe.com



ထင်ရှားလာသည်။ **ရဲဘော်သုံးကျိပ် ပြည်တော်ပြန်** (၁၉၆၁)သည် ဗိုလ်တာရာ၏ ထင်ရှားသော တော်လှန်ရေးမှတ်တမ်းစာအုပ်ဖြစ်သည်။

၁၉၉၃၊ ဖေဖော်ဝါရီ ၆ တွင် ကွယ်လွန်သည်။

mgyoe.com

mgyoe.com

# ရဲမက်ပန်း

ရက်ရက်စက်စက် ချမ်းလှပေသည်။ အနားမှ ဗမာရဲဘော်တစ်ဦးက 'အရိုးတွေ ကွဲကုန်တော့မယ်ဗျ' ဟု အမှန်ရောအသောရော ညည်းကာ ခပ်ကျယ်ကျယ် အော်လိုက်သည်။ ဟုတ်ပေသည်၊ ဂျပန်ပြည်၏ ဟေမာန်သည် ဆိုးဝါးစွာဖြင့် အပူပိုင်းကလာကြသည့် ဗမာ့သားကောင်း ရဲဘော်သုံးကျိပ်တို့ တိုင်းပြည်နှင့်လူထုကို တကယ်ချစ်ကဲ့လား... လွတ်လပ်ရေးလမ်းခရီးတွင် အောင်မြင်မှုရယူလိုသည့်အတွက် ဒုက္ခ ဆုလာဘ်များကို ခံနိုင်ရဲ့လား... ဟူသော အနေမျိုးဖြင့် သဘာဝ၏ လွတ်လပ်ရေးစာမေးပွဲ စစ်ဆေးပွဲခံနေစေသည် ထင်ရအောင် အေးလှ တော့၏။ ရဲဘော်တိုင်း၏ သိုးမွေးစစ်အင်္ကျီ ဘောင်းဘီထူထူကြီးတွေကို ဂျပန်စိတ်ဓာတ်နှင့်တူသည့် လေအေးက မညှာမတာ ထိုးစစ်ဆင်နေ သောကြောင့် မျက်နှာနီနီ အသံတွေပြာနေတော့သည်။

ကျွန်တော်တို့တစ်တွေ ညည်းညူ တုန်လှုပ် အချမ်းဒဏ်ခံကာ ရုတ်ရုတ်သဲသဲ ဖြစ်နေသလောက် ကျွန်တော်တို့ရှေ့တည့်တည့်မှ

mgyoe.com

mgyoe.com



ဂျပန်ပြည်၏ အထွတ်ဘုရင်မင်းမြတ် နေနတ်မျိုးနွယ်တို့ပင် ဦးညွတ်ခံယူရာ အာဇာနည်ဗိမာန်အဆောက်အအုံကြီးကား မတုန်မလှုပ် ကျောက်ရုပ်ကြီးကဲ့သို့ပင် အဖဂျပန်ပြည်ကြီး၏ လွတ်လပ်မှု၊ ကမ္ဘာတွင် ဂျပန်ရာဇဝင် ထွန်းပြောင်မှုအတွက် ဂျပန်ရာဇဝင်တစ်လျှောက် အစတေးခံခဲ့သော ဂျပန်ပြည်၏ သားကောင်းစင်စစ် စစ်သူရဲမက် ကျောင်းသားမျိုးချစ်ပုဂ္ဂိုလ်တို့၏ လွတ်လပ်ရေးကြိုးပမ်းမှု တည်မြဲစေမှုအတွက် ဆုလာဘ်အဖြစ်ဖြင့် နောက်ဆုံး အောင်ပွဲတည်းဟူသော စစ်မြေပြင်တွင် ကျဆုံးကာ လွတ်လပ်ရေး ယဇ်ပလ္လင်ဝယ် ဂျပန်မျိုးချစ် နေနတ်နွယ်တို့၏ တရစပ်ဆေးကြောသွားခဲ့ခြင်းတို့၏ ကြွင်းကျန်သော ရုပ်ကလာပ်ကို ပြာချခဲ့စေပြီး နောင်လာနောက်သားတို့ ရာဇဝင်စာတင်ရစ်စေ၍ ကမ္ဘာကျေသော်လည်း ဥဒါန်းမကျေနိုင်စေသည့် ဤစစ်သားဗိမာန် အာဇာနည်အောင်မြေသို့ စုဝေးရောက်ရှိစေပြီး တိုကျိုမြို့တော် မင်္ဂလာရှိရာအရပ်၌ တည်ထားခဲ့ခြင်းဖြစ်ပေသည်။ ကျွန်တော်တို့ ဗမာ့လွတ်လပ်ရေး တပ်မတော်မှ ရဲဘော်သုံးကျိပ်ဝင်တို့ တိုကျိုမြို့၌ ခေတ္တနားနေစဉ် ဆရာလုပ်သူ ဂျပန်ဗိုလ်မှူးကြီးများက နေ့တစ်နေ့တွင် ချမ်းချမ်းစီးစီးနှင့် အာဇာနည်ဗိမာန်သို့ ခေါ်ဆောင်သွားခဲ့ရာမှ လမ်းစအဖြစ်အပျက်တစ်ရပ် ဖြစ်တော့၏။

ကျွန်တော်တို့၏ ပတ်ဝန်းကျင် ရှုမျှော်ခင်းသည် သာယာလှတော့၏။ လက်ဝဲဘက်က ဂျပန်ပြည်၏ စစ်ရေးပြတိုက်ကြီး၊ ရှေ့တည့်တည့်က စစ်သားဗိမာန်ကြီး၊ လက်ယာဘက်က ပြန့်ကျယ်လှသည့် ပန်းခြံများနှင့် အချိုးကျနလှသည့် ထင်းရှူးပင်များ အပြိုင်အဆိုင် လေယူတိုင်း စည်းချက်ကျကျ ယိမ်းယိုင်နွဲ့ပျောင်းကာ အနောက်နိုင်ငံ၏ (ဘဲလက်) ယိမ်းကနေသည့် လုံမပျိုများနှင့် တူစေတော့၏။ အာဇာနည်ဗိမာန်ကို ဂရုတစိုက်ကြည့်မိသည်။ ရိုးသားစွာဖြင့် အမျိုးသားပြု အရှေ့

mgyoe.com

mgyoe.com



နိုင်ငံဆန်လှသည့် စိတ်ဓာတ်အတိုင်း ကျောက်တိုင်ကြီးများကို ထင်းရှူး သားများဖြင့် နေရာတကာ အသုံးပြုကာ ဗိမာန်ရင်ပြင်တစ်ဝိုက်လုံးတွင် သမံတလင်းမခင်းထားဘဲ ကျောက်စရစ်ခဲများ အပြည့်ခင်းကျင်း၍ စတုရန်းပုံသဏ္ဌာန် ထင်းရှူးသားတိုင်ကြီးများဖြင့် အကွက်ကျကျ ညီညာဖြောင့်တန်းစွာ ကာရံထားသည်။ သမံတလင်းကွက်လပ်ဝယ် သူရဲကောင်း ဂျပန်သားကောင်းတို့၏ ပြာမှုန့်များဖြင့် အထပ်ထပ်ပြည့် နေတော့၏။ ဗိမာန်ရင်ပြင်ကျယ်ဝယ် လူဆက်မပြတ်အောင် အာဇာနည် များကို ပူဇော်အလေးပြုသည့် ပရိသတ်တို့သည် ဗိမာန်ဝင်းအဝတွင် လှပရှုချင်ဖွယ်ရာ စီမံထားသည်။ တသွင်သွင် စီးဆင်းနေသော ပြွန် ချောင်းမှ အုန်းမှုတ်ငယ်များနှင့် ရေကြည်တို့ကို ခံယူသောက်သုံးပြီး ပလုတ်ကျင်းခြင်း၊ ခြေလက်ဆေးကြောခြင်းတို့ဖြင့် ဂျပန်ပြည်၏ အာဇာ နည်သားကောင်းများကို မပူဇော်မီ ကိုယ်လက်သန့်စင်နေခြင်း အခမ်း အနားပြုလုပ်၍ ရှေ့သို့တစ်ဆင့် ချီတက်ခဲ့ကြသည်။ ရှေ့ကိုက်ငါးဆယ် ခန့်တွင် ဗိမာန်အဆောက်အဦနှင့် နီးနေပြီဖြစ်၍ မိမိတို့ဆွဲကိုင် ပါရှိ လာသည့် ထီးအထုပ်သေတ္တာများကို စည်းကမ်းတကျ တင်စရာများ ပေါ်၌ စိတ်ချလက်ချထားခဲ့ပြီး အာဇာနည်ဗိမာန်ရှေ့ အရိပ်တွင် ဖိနပ် အားလုံးကို နေရာတကျချွတ်ကာ ဇာတိသွေးတက်ခြင်း၊ အာဇာနည် များကို အမြတ်တနိုး လေးစားခြင်း၊ ဝမ်းနည်းကြေကွဲခြင်း မျက်နှာများ ဖြင့် ဦးညွှတ်ချီ၍ ဆုတောင်းပတ္ထနာ ပြုကြတော့သည်။ ပြတ်သားတင်း မာသည့်မျက်နှာနှင့် ကျောင်းသားလုလင်များကို တစ်ရောင်တည်း တစ်ပုံတည်း ချုပ်လုပ်ထားသည့် ကျောင်းသားယူနီဖောင်း ဝတ်စုံများနှင့် လည်းကောင်း ဒင်ပြည့်ကိုယ်ဟန်နှင့် အနောက်နိုင်ငံအဝတ်အစား၊ ဂျပန် ကီမိုနိုအမျိုးသားဝတ်စုံတို့ဖြင့် မျက်နှာယဉ်နု လှသွေးစုနေသည့် ဂျပန်လုံမပျိုများ၊ ကျောင်းသူများသည်လည်းကောင်း၊ ပိုးထည်ရောင်ရှင်

mgyoe.com

mgyoe.com



ကိမိုနိုကြီးတဖားဖားနှင့် မျက်လွှာဝင့်ချကာ ခေါင်းပြုံ့ခွယ်ကျိုး ဂျပန်သက်ကြားအို အဘိုးအဘွားတို့ကိုတစ်ဖုံ ဂျပန်တစ်ပြည်လုံး၏ လွတ်လပ်ရေး အမျိုးသားစိတ်ဓာတ် အုပ်ချုပ်မှုတို့ကို ချုပ်ကိုင်ထားနိုင်သည့် ဤထင်းရှူးသားသက်သက်ဖြင့်သာ မပြောပလောက်အောင်နာမည်နှင့်မလိုက် သေးငယ်သည့် အာဇာနည်ဗိမာန်အဆောက်အအုံ ရှေ့၌ ရပ်တည်လျက် တွေ့ရ၏။ ထူးခြားချက်ကြီးတစ်ချက်မှာ ဤမျှလောက် လူများလျက်၊ စည်ကားလျက် တစ်ယောက်တစ်ခွန်း ဆူညံစွာစကားပြောခြင်း၊ ဖိနပ်မှားစီးခြင်း၊ အလစ်ဘုံးခြင်း၊ တစ်ယောက်နှင့်တစ်ယောက် အငြင်းပွားခြင်း၊ အထုပ်၊ ဖိနပ် လစ်သွားခြင်း အလျှင်းမတွေ့ရသည့် မှတ်သားဖွယ်အချက်ကြီးပင်တည်း။ ကျွန်တော်တို့မြန်မာပြည်တွင် အမြတ်ဆုံးဟုဆိုအပ်သည့် လေးဆူဓာတ်ပုံ ရွှေတိဂုံဘုရားကြီးကို ဖူးမြော်ကန်တော့စဉ် နောက်က ထိုးဖိနပ် အလစ်သမားကိုစောင့်ကြည့်နေရသည့် ဘဝဆိုးကြီးကို ချက်ချင်း ပြေးသတိရမိတော့သည်။ ကျွန်ဘဝနှင့် သခင်ဘဝ လူမျိုးတို့၏ ခြားနားမှု၊ လူမှုဆက်ဆံရေး ထူးခြားချက်တစ်ရပ်ပင်၊ လက်ဝဲဘက်ရှိ အဆင့်ဆင့်သော အထပ်များဖြင့် အနောက်နိုင်ငံဆန်သည့် စစ်ပြတိုက်ကြီးဆီသို့လည်း တစ်သုတ်ပြီးတစ်သုတ် ဝင်ချည်ထွက်ချည် သွားလာနေကြသည့် ဂျပန်လူထုကိုကြည့်၍ ကျွန်တော်တို့သည် လက်ယာဘက် လူရှင်းလောက်သည့်ပန်းခြံ (အပန်းဖြေရိပ်သာ) ဘက်သို့ ခြေဦးလှည့်လေသည်။ ကျွန်တော်တို့ရှေ့ဝယ် မြောက်မြားစွာသော အာဇာနည်ဗိမာန်သို့ အလေးပြုလာသူပရိသတ်မျိုးစုံ မြင်ရလွန်း၍ မျက်စိနောက်လာသလောက် ဦးခေါင်းကလည်း အားကျမခံ မူးဝေခဲ့သော ဝေဒနာသည် မကြာမီပင် ပန်းခြံတွင်းမှလေညင်းဆောင်ယူရာသို့ ဝဲပျံကာ ပါလာကြသည့် စံပယ်နှင်းဆီ၊ ယူကလစ် ထင်းရှူးဝတ်မှုန်တွေကြောင့် တစ်ခဏချင်း လန်းဆန်းကာ

mgyoe.com

mgyoe.com



အားသစ် ဘဝသစ်သို့ ရောက်ခဲ့သည်။ ကျယ်ပြန့်လှသည့် ဥယျာဉ်ကြီး အတွင်းဝယ် လွတ်လပ်စွာ ကျွန်တော်တို့တစ်တွေ ကိုယ့်အတွေး ကိုယ့် သဘောနှင့် ကိုယ့်လူစုခွဲကာ အလျှိုအလျှို ဟိုဟိုဒီဒီ ထွက်ခွာခဲ့ကြ သည်။ အချက်ကျကျ နေရာထောင့်ချိုးများတွင် ခုံရှည်၊ ကုလားထိုင်၊ ကျောက်တုံးငယ်များပေါ်တွင် ငြိမ်သက်စွာ စာဖတ်နေကြသည့် ဂျပန် လူငယ်များကို တွေ့ရ၍ ကျွန်တော်သည် ဖြည်းညင်းစွာ လေကောင်း လေသန့်ရှူရင်းနှင့် ဥယျာဉ်ကြီး၏ အနောက်မြောက်ထောင့် တစ်နေရာ သို့ အမှတ်တမဲ့ ဝင်ခဲ့မိပေသည်။

နှင်းငွေ့ရည် ပက်ဖျန်းသဖြင့် ရီဝေနေသော ဥယျာဉ်ကြီးထဲဝယ် ပွင့်ချပ်ပွင့်လွှာစီကာ နီတျာတျာ သရေဆောင်လျက် ဖူးပွင့်ငုံကင်းကာ ပင်ထက်မှာ နှင်းရည်သောက်နေသည့် ဆာကူရာပန်းခေါ် ချယ်ရီပန်းပင် ကြီး တစ်ပင်အောက်ဆီသို့ ဝင်ရောက်မိကြသည်။ ပြန့်ကျယ်ညီညာ၍ မြက်ခင်းပျိုများဖြင့် တန်ဆာဆင်အပ်သည့် မြေပြင်တွင် ရွှန်းရွှန်းနီမြန်း ၍ ဆာကူရာပန်းပွင့်တို့မှာ ပန်းမွေ့ရာခင်းသကဲ့သို့ ပြန့်ကျဲကာ ပင်ထက် မှ ခန္ဓာစဲနေဟန် တူလေသည်။ မြောက်လေညင်း၏ တစ်ချက်တစ်ချက် ကလူကျီစယ်လိုက်သည့်အခါတွင် နှင်းမှုန်နှင့် လေပြည်ရောသည့် လဟာပြင်ဝယ် အချိန်သင့်ကာ ကြွေရင့်တန်သော ဆာကူရာပန်းပွင့်တို့ မှာ ပွင့်ညှာမှစွန့်ခွာ၍ လေယာဉ်စီးနေဟန်ဖြင့် မြေပြင်သို့ ဖြည်းညင်းစွာ သက်ဆင်းနေကြသည့်အဖြစ် ကြုံခဲ့သည့် သဘာဝ၏ရှုခင်းကို ကျွန်တော်သည် စိတ်ဝင်စားစွာ ကြည့်နေမိသည်။ တဖြုတ်ဖြုတ် ကြွေ ဆင်းနေသည့် ပန်းပွင့်များကို ဟိုမှဒီမှ လိုက်ကြည့်မိသည်။ ကျွန်တော် ၏မျက်စိမှာ တဖြည်းဖြည်းနှင့် ချယ်ရီပန်းပင်၏ ထောင့်စွန်းအရိပ် အောက်သို့ ရောက်သွားသည်တွင် ရုတ်တရက် မြင်ရလျှင် အရုပ်နှင့် တူစေသည့် ကျွန်တော်ကဲ့သို့ပင် ချယ်ရီပန်းပင်ကြီးကို စိတ်ဝင်စားစွာ

mgyoe.com

mgyoe.com



မျက်တောင်မခတ်တမ်း ကြည့်နေသည့် ဂျပန်တပ်မတော်မှ ကပ္ပတိန် အဆင့်အတန်း စစ်ဗိုလ်တစ်ဦးကို အရှေ့နိုင်ငံဆန်လှသည့် ကျောက်ခုံရှည်ပေါ်တွင် မြင်ရလေသည်။ ကျွန်တော်တို့နှစ်ဦးလည်း စိတ်ချင်း၊ မျက်စိချင်း ဆုံမိကြပြီးနောက် ၎င်းက အသာရပ်ကာ ဦးညွတ်ပြီး နေရာထိုင်ခင်းအတွက် ဖိတ်ခေါ်လေသည်။ ယဉ်ကျေးမှုကို နားလည်စွာဖြင့် ကျွန်တော်က မငြင်းဆန်တော့ဘဲ ကျောက်ခုံရှည်တစ်နေရာသို့ ဝင်ရောက်ထိုင်မိသည်။ ၎င်းက ဘေးတွင်လွယ်ထားသည့် စစ်ရေဘူးမှ အဖုံးကိုဖွင့်၍ အငွေ့တထောင်းထောင်းနှင့် လက်ဖက်ရည်ကြမ်း တစ်ခွက်ကို ငှဲ့ပြီးလျှင် ရိုသေစွာ ကျွန်တော့်သို့ ကမ်းလိုက်ပြီးနောက် ကျွန်တော့်ကို အကဲခတ် တစ်ချက်ကြည့်လိုက်ပြီး

"အရှေ့နိုင်ငံ အာရှတိုက်သားပဲ ထင်ပါရဲ့"

ကျွန်တော်က ဟုတ်မှန်ကြောင်း ဝန်ခံလိုက်သည်။

၎င်းက ဝမ်းသာသည့်မျက်နှာဖြင့် "ခုလို ကျွန်တော်တို့ အာရှတိုက်သားချင်း ဒီလိုအလွန်သာယာ မင်္ဂလာရှိတဲ့နေရာနှင့် နံနက်ခင်းမှာ တွေ့ဆုံကြရတာ ကျွန်တော့်စိတ်မှာ မေ့နိုင်မှာမဟုတ်ပါဘူး။ ဒါနဲ့ စိတ်လည်းမရှိပါနဲ့ အလည်အပတ်လာကြသလား... ဒီပြင် ကိစ္စ..."

"သြော်... သြော်... ကျွန်တော် မေ့နေလို့"

ကျွန်တော် ရုတ်တရက် သတိရ၍ အရေးရှိက အသုံးပြုရန် ပေးထားသည့် ဗမာ့လွတ်လပ်ရေး တပ်မတော်ဦးစီးဌာနချုပ်မှ ထုတ်ပေးသည့် လက်မှတ်ကို အသာပြလိုက်သည်။ ထိုအချိန်က ကျွန်တော်တို့သည် အရပ်ဝတ်အရပ်စားဖြင့် ခရီးထွက်ခဲ့ခြင်းဖြစ်သည်။

ဝမ်းသာလွန်း၍ ထခုန်ကမန်း ဂျပန်စစ်ဗိုလ်သည် ကျွန်တော်၏ လက်ကို အားရပါးရ ဆုပ်နယ်ရင်းနှင့် အထပ်ထပ် ဦးညွှတ်အလေးပြု ပြီးနောက် "ကျွန်တော်နဲ့ ဗြိတိသျှတွေကို ပခုံးချင်းယှဉ်တိုက်ခိုက်မယ့်

mgyoe.com

mgyoe.com


ရဲဘက်တွေကို။ ဘုရားသခင်က တွေ့ဆုံဖို့ စီမံပေးလိုက်တာပဲ။ ကျွန်တော့်နာမည် မှတ်ထားပါ ကပ္ပတိန် ရာမာဒါ တပ်ရင်းကိုး၊ ဘွန်တို တပ်မကြီးကပါပဲ"

၎င်းက ဆက်လက်၍ "ကျွန်တော်လည်း စစ်ပညာသင်ပြီး ခွင့်စေ့လို့ ခဏထွက်ပြီး ကောလိပ်ကျောင်းဆက်နေတယ်။ ခု တိုင်းပြည်နဲ့ ဘုရင်မင်းမြတ်က အလိုရှိတယ်ဆိုတဲ့ အမိန့်ကြောင့် ဒီတစ်ခါ တိုင်းပြည်နဲ့ ဘုရင်ဧကရာဇ်အတွက် တစ်ပွဲတစ်လမ်း အသုံးတော်ခံရပြီဟဲ့လို့ စစ်ထဲပြန်ဝင်ခဲ့ပြီး တိုကျိုစစ်ဌာနချုပ်ရုံးလာရင်းနဲ့ အာဇာနည်ဗိမာန် ဝင်ရောက်အလေးပြုရင်းနဲ့ ပန်းခြံထဲမှာ ခဏအနားဖြေနေတုန်း ရဲဘော်နဲ့ တွေ့ရတာပဲ"

"ကျွန်တော်လည်း ကျောင်းသားတစ်ယောက်ပါပဲ၊ ခင်ဗျားတို့လို တိုင်းပြည်နဲ့လူထုကိုချစ်လို့ စွန့်စားပြီး စစ်ပညာသင်အဖြစ်နဲ့ ဂျပန်ကို ရောက်ခဲ့တယ်။ နေပါဦး... ခုတင်က ဗိုလ်ကြီးဆာကူရာ ပန်းပင်ကို ကြည့်ပြီး တော်တော်စဉ်းစားနေတယ်ထင်တယ်"

ရာမာဒါက ဦးခေါင်းကို ညင်သာစွာ ဆတ်ကာ

"မှန်တယ်၊ ဒီပန်းအကြောင်းကို စဉ်းစားပြီး ဂျပန်စစ်သားတို့ရဲ့ ဓလေ့ အယူအဆတွေကို စဉ်းစားမိလို့ပါ။ ဩော်... ကျွန်တော် စဉ်းစားနေတာကို ဒီက ရဲဘော်မြင်တယ်ကိုး... ဟီး... ဟီး..."

ဘိုးမှတ်စု ဝါသနာအိုး ကျွန်တော်ကလည်း

"ဒီချယ်ရီပန်းနဲ့ ဂျပန်စစ်သားတွေနဲ့ ဘယ်လိုပတ်သက်ပါသလဲ၊ တစ်ဆိတ် ကျွန်တော်တို့ ဗမာရဲဘော်တွေ ဗဟုသုတအဖြစ် မှတ်ထားဖို့"

ရာမာဒါလည်း အတော်ကြာ တွေတွေကြီး စဉ်းစားနေပြီးမှ

"တစ်ဆိတ် ဆာကူရာပန်းပင်ရဲ့ သဏ္ဌာန်နဲ့ ပန်းပွင့် အဆင်းအကြောင်းအရာ သဘောတွေကို ဂရုတစိုက် လေ့လာလိုက်ပါခင်ဗျား။

mgyoe.com

mgyoe.com


ပြီးတော့ ကျွန်တော် ရှင်းပြပါ့မယ်"

သုံးမိနစ်ကြာသည့်ကာလတွင် ရာမာဒါက ၎င်း၏ တည်ကြည်ပြတ်သားသည့်မျက်နှာကို ချိုသာအောင် ပြင်ထားလိုက်ပြီး ကျွန်တော့်ကိုကြည့်ကာ...။

"ရဲဘော်တို့ ကျွန်တော်တို့ဟာ တိုင်းပြည်လူထုရဲ့ မျက်ခြယ်သားကောင်းတွေ မဟုတ်လားခင်ဗျာ"

"အမှန်ပေါ့ခင်ဗျာ" ဟု ကျွန်တော်က ဖြေမိသည်။

"ဒီလိုပဲ ဟောဟိုက ဆာကူရာပန်းပင်ကြီးဟာ တိုင်းပြည်နဲ့တူတယ်၊ ပန်းပင်ကြီးမှာ ဘာရှိမှ တင့်တယ်ကျက်သရေတွေနဲ့ ပြည့်စုံပါသလဲ"

"ပန်းပွင့်ဖြစ်ပါတယ် ဗိုလ်ကြီး"

"ဟုတ်တာပေါ့ဗျာ ကျွန်တော်တို့ ဒီက ဗမာပြည်က စစ်ဗိုလ်မှူးကြီးတို့ဟာလည်း ဟောဟို ဆာကူရာပန်းပွင့်တွေပဲဗျ၊ ခုကြည့်စမ်းဆာကူရာပန်းပွင့်ကြီးဟာ မြင်ရသူတွေ ကြည့်ရသူတွေမှာ ဘယ်လောက်လန်းဆန်းစေသလဲ၊ ကျက်သရေရှိစေသလဲ၊ ဘယ်လောက်များတင့်တယ်စေသလဲဗျာ"

၎င်းက စိတ်ကို တစ်ချက်တင်းလိုက်ပြီး "ပြီးတော့ ဆာကူရာပန်းရဲ့ အဆင်းသဏ္ဍာန်ဟာ နီမောင်းနေပြီး ထွက်ခါစနေလို ရဲရင့်တဲ့အဆင်းသဏ္ဍာန်နဲ့ မြင်ရသူတွေကို ၎င်းရဲ့ အသွေးမှန် သွေးနီသဏ္ဍာန်အရှိန်ဟပ်ပြီး ရဲရင့်စေတယ်မဟုတ်လား။ အဲဒီနေရာမှာ ဆာကူရာပန်းပွင့်နဲ့ ကျွန်တော်တို့ ဗိုလ်မှူးတို့လို ပြည်သူ့စစ်သားကောင်းတွေရဲ့ဖြစ်လာပုံဘဝနဲ့ မတူဘူးလား။ ကျွန်တော် ရှင်းပြသမျှကို ဒီကဗိုလ်မှူးလိုက်နိုင်ရဲ့လား၊ ရှင်းရဲ့လားဗျာ"

ကျွန်တော်သည် အတွေးသမားပီပီ၊ ထင်းခနဲ ထင်းခနဲ ရာမာဒါ

mgyoe.com

mgyoe.com


၏ နှိုင်းယှဉ်ချက်ကို သဘောပေါက်ပြီး ဖြစ်လေသည်။

ၢင်းက ချောင်းတစ်ချက်ဟန့်လိုက်ပြီး ကျွန်တော်တို့တစ်တွေ စစ်သားကောင်းတစ်ယောက်ဖြစ်ဖို့နဲ့ စစ်ပညာတွေ တတ်ကျွမ်းဖို့အတွက် ဘယ်လောက် အပင်ပန်းခံရသလဲ၊ ဘယ်လောက် ရက်တွေ၊ လတွေ ကြာအောင် စောင့်ဆိုင်းခဲ့ရသလဲ...။

မှန်ပေသည် ကျွန်တော်တို့၏ ရဲဘော်သုံးကျိပ်တို့၏ ဗမာ့လွတ်လပ်ရေးအတွက် စစ်ကျောင်းမျိုးစုံတွင် အရွယ်နှင့်မလိုက်အောင် လေ့ကျင့်မှုဒုက္ခ၊ စစ်ဒဏ်တွေ ခံစားခဲ့ပုံတွေဟာ မျက်စိထဲတွင် တရေးရေး ပေါ်လာတော့၏။

ကပ္ပတိန် ရာမာဒါလည်း တွေဝေသောမျက်လုံးများဖြင့် ကျွန်တော့်သို့ကြည့်၍ "အဲဒီလိုလေ့ကျင့်ပြီး စစ်သားပီသတဲ့အချိန်ဟာ ဟိုဆိုဆာကူရာပင်ပေါ်က စွင့်စွင့်ငွားငွားပွင့်နေတဲ့ ဘဝရဲ့နောက်တစ်ခန်းကို စောင့်ဆိုင်းနေတဲ့ ဆာကူရာပန်းပွင့်တွေနဲ့ တစ်ထေရာတည်းမဟုတ်လား.... အပွင့်က ရဲရဲနီနီ ပွင့်ချိန်ရဲ့ တင်းပြည့်အရွယ်လည်း ဆိုက်ရောက်နေပြီ..."

ကျွန်တော်မှာ ခေါင်းသာ အတွင်ညိတ်ရင်းနှင့် တစ်ဖက်က တွေးနေမိ၏။ ရာမာဒါလည်း အသံကို ပီသတည်ငြိမ်စွာဖြင့် တစ်လုံးချင်းပြောတော့သည်မှာ "ကျွန်တော်တို့စစ်သားတွေဟာ စစ်ကျောင်းက လေ့ကျင့်ခန်းကွင်းမှာ လေ့ကျင့်မှုအချိန်စေ့ပြီး စစ်သားပီသလာပြီ၊ စစ်သားဖြစ်လာကြပြီ၊ နောက် ဘာလုပ်ဖို့ကျန်သေးသလဲ၊ စစ်မြေပြင်မှာ တိုင်းပြည်နဲ့ လွတ်လပ်ရေးရဲ့ရန်သူ ကျွန်တော်တို့ နေနတ်မျိုးနွယ် အစစ်ဖြစ်တဲ့ ဘုရင်ဧကရာဇ်မင်းမြတ်ကြီးရဲ့ ရန်သူတွေကို တိုက်ခိုက်သုတ်သင်ဖို့ တာဝန်ကျလာကြပြီ၊ ဒါကြောင့် ကျွန်တော်တို့တစ်တွေ စစ်မြေပြင်ဆင်းကြရတယ်...

mgyoe.com

mgyoe.com


"ဟော ဟိုမှာကြည့်လိုက်စမ်းပါ ခင်ဗျားမြင်ရဲ့လား... တောင်ဘက်ကိုင်းက ကြွေကျလာတဲ့ ဆာကူရာပန်းတွေလေ၊ အင်း... အင်း ကျွန်တော်တို့ ဂျပန်စစ်သားတွေရဲ့ စစ်မြေပြင်မှာ တွေ့ကြုံရတဲ့ ဘဝကူး ဟာ ဒီအတိုင်းပါပဲ တိုင်းပြည်လွတ်လပ်ရေးနှင့် ဧကရာဇ်မင်းမြတ်ကြီး အတွက် အသက်ကိုစွန့်ကာ မြန်မြန်ဆန်ဆန် ဘဝကူး ကျဆုံးခဲ့ကြရ တာပါပဲ။ မကြာခင် ကျွန်တော်လည်းပဲ ဒီဆာကူရာပန်း နမူနာအတိုင်းပဲ ဂျပန်သားကောင်းပီသစွာနဲ့ တာဝန်ကျေပွန်သူပီပီ စစ်မြေမှ ကျွန်တော့် ကိုယ်ကို စတေးခံပြီး ယောဟိုနေရာ (အာဇာနည်ဗိမာန်သို့ ညွှန်ပြ၍) လို ရောက်ရမယ်ဆိုကာ မြေကြီးလက်ခတ် မလွဲတော့ပါဘူး။

"ဒါကြောင့် ကျွန်တော်တို့ဂျပန်စစ်သား အာဇာနည်မျိုးချစ်တွေ ဟာ မိမိကိုယ်နဲ့ ဆာကူရာပန်းနဲ့ နှိုင်းယှဉ်ပြီး တွေ့ရာနေရာမှာ ဒီပန်းကို အမြတ်တနိုး ထားကြတယ်... ကိုယ့်တာဝန်ကို ကိုယ်သတိရကြတယ်။ ဇာတိသွေးတက်ကြတယ်...

"ကဲ... ကျွန်တော်တို့ စကားကောင်းနေလိုက်ကြတာ တော်တော် ကြာသွားပြီ၊ ကျွန်တော် စစ်ဌာနချုပ်မှာ အစီရင်ခံစရာတွေရှိနေလို့ ကျေးဇူးပြုပြီး ကျွန်တော့်ကို ခွင့်လွှတ်ပါဦးခင်ဗျာ။ စစ်မြေပြင်ကျမှ တွေ့ကြသေးတာပေါ့" ကျွန်တော်မှာ ထိုအချိန်မှ တွေးရာက သတိရကာ ကပျာကယာ ထတည့်ပြီး ပြန်လည်ဦးညွှတ်မိကြသည်...

"အရေးတော်ပုံအောင်ပါစေ"

"အရေးတော်ပုံအောင်ပါစေ..."

ဟု နှစ်ယောက်သား နောက်ဆုံးအလေးပြုနှုတ်ဆက် ကြွေးကြော် မိပါသည်။

**ရှုမဝမဂ္ဂဇင်း**

❖

mgyoe.com


mgyoe.com

mgyoe.com

## လိုင်းမအားလို့ပါခင်ဗျား

**ပါဝင်သော ဇာတ်ဆောင်များ**

| | | | |
|---|---|---|---|
| ဦးလှမင်း | ။ | ။ | အတွင်းဝန်မင်း |
| ဦးခင်မောင် | ။ | ။ | တယ်လီဖုန်းပြုပြင်ရာဌာန (ဒု–တာဝန်ခံ) |
| သိန်းကိုမြင့် | ။ | ။ | တယ်လီဖုန်းပြုပြင်ရာဌာန (နေ့ပိုင်းတာဝန်ကျ အမှုထမ်း) |
| ယဉ်မြင့်မြင့် | ။ | ။ | ဦးလှမင်း၏ တစ်ဦးတည်းသောသမီးပျို။ |
| ကျော်ဂျီဘသန်း | ။ | ။ | ယဉ်မြင့်မြင့်၏ ရည်းစား။ |
| မိတူး | ။ | ။ | ဦးလှမင်း၏အိမ်မှ အိမ်ဖော်မကလေး။ |

### (၁)
### တယ်လီဖုန်း ပြုပြင်ရာဌာနရုံးခန်း

ဦးခင်မောင်၏ စားပွဲပေါ်မှ တယ်လီဖုန်းသည် ကျယ်လောင်စူးရှစွာ တချွင်ချွင်မြည်လာသည်။

mgyoe.com

mgyoe.com



ဦးခင်မောင်သည် ခါးကုန်း၍ ရေးနေရာမှ မျက်နှာကို ရှုံ့တွရင်း ကမန်းကတန်းနှင့် တယ်လီဖုန်းကို ကောက်ယူနားထောင်လိုက်သည်။

"ဟုတ်ပါတယ်၊ ဝမ်းဇီးရိုး–ဝမ်းဇီးရိုး ဇီးရိုးကပါ"

"ဟယ်လို... ဟယ်လို တယ်လီဖုန်းပြုပြင်ရေးဌာနက စကားပြော နေပါတယ်။ ဟုတ်ကဲ့ အမိန့်ရှိပါ"

"ဩော်... အိမ်ကို တယ်လီဖုန်းခေါ်မရဘူး ဟုတ်လား၊ ခင်ဗျာ ဟုတ်ကဲ့၊ ကျွန်တော်တို့ ခုပဲ စစ်ဆေးကြည့်ပါဦးမယ် စိတ်ချပါခင်ဗျာ"

ဦးခင်မောင်သည် တယ်လီဖုန်းကိုအသာပြန်၍ ဒိုင်ခွက်ပေါ်သို့ တင်လိုက်ပြီး သူ့အခန်းတွင်းရှိ တယ်လီဖုန်းလိုင်းစစ်ဆေးရေး တာဝန် ကျနေသော သိန်းကိုမြင့်သို့ လှမ်း၍...

"ဟေ့... မောင်မြင့်ရေ၊ နံပါတ် ဖဖဂဖ၉၅၇ ကို စမ်းကြည့်စမ်း ဟေ့၊ ဆက်မရဘူးလို့ ကွန်ပလိန်းရလို့ကွ"

"ဟုတ်ကဲ့ ဆရာ"

သွက်လက်စွာဖြင့် ဦးခင်မောင် အမိန့်ရှိသရွေ့ တယ်လီဖုန်း နံပါတ်ကို ရှာဖွေကြည့်ရှုလိုက်ပါသည်။

"ဆရာရေ့ လိုင်းမအားဘူး၊ အင်ဂိတ်ဖြစ်နေတယ်ဆရာ"

"အေး... အေး ကောင်းပြီ။ ခုတင်က လိုင်းပျက်တယ်ထင်လို့ မေးနေလို့ကွ"

(၂)

ဦးခင်မောင်၏ရှေ့မှ တယ်လီဖုန်းခေါ်သံ တချွင်ချွင် ရုတ်တရက် ပေါ်လာပြန်လေသည်။

ဦးခင်မောင်သည် သက်ပြင်းတစ်ချက်ချလိုက်ရင်း တယ်လီဖုန်း ကို အသာကောက်ကာကိုင်၍ နားဆီသို့ ကပ်လိုက်ပါသည်။

mgyoe.com

mgyoe.com


"ဟုတ်ပါတယ် ကွန်ပလိန်းကပါ"

"ခင်ဗျာ၊ သိပ်အရေးကြီးလို့ ဟုတ်ကဲ့၊ လိုင်းမအားသေးလို့ပါ ခင်ဗျာ၊ လူကြီးမင်း တယ်လီဖုန်းမပျက်ပါဘူး။ ခေတ္တလောက် သည်းခံစောင့်ပါခင်ဗျာ၊ ဟုတ်ပါတယ်။ ကျွန်တော်တို့ သေသေချာချာ စစ်ဆေးကြည့်ပြီးပါပြီ၊ လိုင်းမအားလို့ပါခင်ဗျာ စိတ်ချပါ"

ဦးခင်မောင်သည် တယ်လီဖုန်းကို အသာ ဒိုင်ခွက်ပေါ်သို့ နေရာချထားလိုက်သည်။

"ရုံးက အိမ်ကို အရေးတကြီး စကားပြောချင်တဲ့ ပုဂ္ဂိုလ်ကလည်း အရေးကြီး၊ သူ့အိမ်က တယ်လီဖုန်းပြောနေကြတဲ့ လူတွေကလည်း မပြီးနဲ့ တွေ့ကြရောပေါ့ကွာ၊ ဟော့... မောင်သိန်းကိုမြင့်၊ ခုအထိ လိုင်း အင်ဂိတ်ဖြစ်တုန်းပဲလားကွ"

"ဟုတ်ကဲ့ ခုအထိ မပြီးသေးဘူးခင့်ဗျ။ လိုင်းမအားတာ ကျွန်တော်တို့ ဘာတတ်နိုင်မှာလဲခင်ဗျာ။ ဒီလောက်တောင် အရေးတကြီး ပြောချင်ရင် သူ့အိမ်မှာ တယ်လီဖုန်းနှစ်ခု လုပ်ထားပေါ့ ဆရာ"

(၃)

အတွင်းဝန်မင်း ဦးလှမင်းသည် ခမ်းနားသော ရုံးခန်းကြီးအတွင်း ရှိ တောက်ပြောင်နေသော စားပွဲပေါ်မှ တယ်လီဖုန်းကို စိတ်ဆိုးမာန်ဆိုး နှင့် ကိုင်ကာ...

"ဟယ်လို... ဟယ်လို... ကွန်ပလိန်း၊ ဟယ်လို ဝမ်းဇီးရိုး ဝမ်းဇီးရိုး ဇီးရိုး၊ အခုထိ ကျုပ်အိမ်ကို ခေါ်လို့မရဘူးလား။ သိပ်ခက်တယ်၊ အရေးကြီးလို့ မြန်မြန်ဆက်စမ်းပါ"

"ဘာ အခုအထိ လိုင်းမအားဘူး။ ဘယ်နည်းနဲ့မှ မဟုတ်ဘူး။ ကျုပ်အိမ်မှာ တယ်လီဖုန်း ဒီလောက်ကြာကြာပြောမယ့်လူ တစ်ယောက်

mgyoe.com

mgyoe.com



မှ မရှိဘူး"

"ဘာဗျ၊ တယ်လီဖုန်းကောင်းတယ်၊ ဘာမှမဖြစ်ဘူး၊ လိုင်းမအားတာ မှန်နေတယ်၊ တယ်– တောက် ဒီမှာ ကျုပ် ရုံးကအတွင်းဝန် လှမင်းဗျ၊ အရေးကြီးလို့ အိမ်ကိုစကားပြောချင်လို့ လုပ်စမ်းပါ မြန်မြန်၊ ခုအထိ စကားပြောလို့ မပြီးသေးဘူး။ ဒါဖြင့် ကျုပ်အိမ်က တယ်လီဖုန်းကို ဖြတ်လိုက်စမ်းဗျာ၊ ကျုပ် အမိန့်ပေးတယ်။ လိုင်းဘာပဲဖြစ်ဖြစ် အရေးစိုက်မနေနဲ့၊ ဖြတ်ပစ်ပါ မြန်မြန်"

"ဟဲလို ကွန်ပလိန်း မဖြစ်နိုင်ဘူး၊ ဖြစ်ဖို့အစဉ်အလာ မရှိပါဘူး၊ ခင်ဗျားတို့မှာ ဘာတာဝန်မှ မရှိစေရဘူး။ ဖြတ်ပါဗျာ၊ ဒီလောက်ကြာ စကားပြောနိုင်တဲ့သူတွေ အလိုက်ကန်းဆိုး မသိတဲ့လူတွေ"

ဦးလှမင်းသည် စိတ်ဆိုးမာန်ဆိုးဖြင့် တယ်လီဖုန်းကို သူ့ ရှေ့စားပွဲသို့ ပစ်၍ချလိုက်သည်။ ရှူးရှူးရှဲရှဲနှင့် ကုလားထိုင်မှထ၍ ခုန်ရမလို အော်ရမလို အကြီးအကျယ် ဒေါပွနေလေသည်။

(၄)

"ဟုတ်ပါတယ်၊ ဦးအိမ်က တယ်လီဖုန်း မပျက်ပါဘူး။ ခုအထိ စကားပြောနေကြတုန်းမို့ ဦးမင်းရုံးက ဆက်ခေါ်လို့ မရတာပါခင်ဗျား။ ကျွန်တော်တို့မှာ ပြောဆိုနေတုန်း လိုင်းကို ဖြတ်ခွင့်အမိန့် မရှိတာမို့ မဖြတ်နိုင်တာပါ စိတ်မရှိဖို့ တောင်းပန်ပါတယ်ခင်ဗျား"

"ဟုတ်ကဲ့ ဦးမင်း အမိန့်ပေးရင် ဦးမင်းအိမ်နဲ့ စကားပြော နေကြတာကို ကြားဝင်ပြီး နားထောင်ကြည့်ပါဦးမယ်၊ ခဏစောင့်ပါခင်ဗျာ"

ဦးခင်မောင်သည် အတွင်းဝန်ဦးလှမင်းထံ အကျိုးအကြောင်း ပြန်ပြောရင်း "ဟေ့... မောင်သိန်းကိုမြင့် ဦးလှမင်းအိမ်နံပါတ်ကို ကြားဝင်ပြီး နားထောင်စမ်း၊ ဘာတွေဒီလောက် အရေးတကြီး ကြာအောင်

mgyoe.com

mgyoe.com



စကားပြောနေကြတာလဲ၊ ဟိုက အတွင်းဝန် ဒေါပွနေပြီ"

"ဟုတ်ကဲ့ဆရာ၊ သိပ်ကြာနေပြီ ကြားဝင်ပြီး ကျွန်တော် နားထောင်ကြည့်စမ်းပါ့မယ်"

သိန်းကိုမြင့်သည် ဦးလှမင်းအိမ် တယ်လီဖုန်းလိုင်းထဲသို့ ပလပ်(ဂ်)တစ်ခု အသာထိုး၍ တယ်လီဖုန်းအပိုတစ်ခုနှင့် နားထောင်လိုက်ရာ…

"တကယ်ပါမြင့်ရယ်၊ ကိုဖြင့် ဟိုနေ့က မျှော်လိုက်ရတာ မောလို့"

တခစ်ခစ် သဘောကျ၍ ကျိတ်၍ နှစ်သိမ့်စွာ ရယ်မောလိုက်သော အသံနှင့်အတူ "ကောင်းတယ် မှတ်ထား ဒဏ်ပေးတာ၊ ကိုကိုသန်းဟာ အရင်အပတ်တုန်းက ပက်ဂီတို့နဲ့တွဲသွားတာ မြင့် တွေ့လိုက်လို့ ခုတလော သိပ်ပြီး ပေါ်ပြူလာဖြစ်နေတဲ့ ကိုကိုသန်းဆိုတော့ အတွင်းဝန်ကြီးရဲ့ သားတစ်ယောက်ကလည်း ဖြစ်ပြန်ဆိုတော့ မြင့်တို့ကို ဘယ်မှာစာရင်းထဲ ထည့်တွက်တော့ပါ့မလဲဟင်"

"ကို တောင်းပန်ပါတယ် မြင့်ရာ၊ ဟိုနေ့က လမ်းမှာတွေ့ကြတာနဲ့ အတင်းမရမက ဆွဲခေါ်သွားလို့ မလိုက်ချင်ဘဲ ပါသွားရတာပါ၊ အမယ်… မြင့်လည်းပဲ အတွင်းဝန်ကြီးရဲ့ တစ်ဦးတည်းသော သမီးချောတော့ပ်စတားပဲ မဟုတ်လား မြင့်ရယ်၊ တကယ်ဆိုတော့ ကိုက အစကတည်းက ခယချဉ်းကပ်ရတဲ့သူပါ မြင့်ရယ်၊ နော် နော်"

"ကိုင်း… ကို့ ဖားသားကြီး ခိုင်းထားတာရှိသေးလို့ စကားပြောရပ်ကြရအောင် မြင့်ရယ်"

"ဘာလဲ၊ ကိုက ပက်ဂီတို့နဲ့ချိန်းထားတာကို အမှန်အတိုင်း မပြောချင်လို့လား၊ မရဘူး ဆက်ပြောရဦးမယ်။ ကိုကိုသန်းကို ဒဏ်ပေးရဦးမယ်၊ ကဲ ဒီလောက်နဲ့ ဘာရမလဲ ဆရာ"

"ဆရာ… ဆရာ၊ လက်စသတ်တော့ သမီးရည်းစားစကား

mgyoe.com

mgyoe.com



ပြောနေကြတာခင်ဗျ"

ခပ်ပြုံးပြုံးမျက်နှာဖြင့် တယ်လီဖုန်းလက်ကိုင်ကို လက်ဝါးတစ်ဖက်ဖြင့် အသာပိတ်ကိုင်ပြီး သိန်းကိုမြင့်က သူ၏တယ်လီဖုန်းပြုပြင်ရေး ဒုတာဝန်ခံ ဦးခင်မောင်သို့ အသာလှမ်း၍ ပြောလိုက်ပါသည်။

"အမျိုးသမီးက မြင့်တဲ့၊ အမျိုးသားက ကိုကိုသန်းတဲ့ခင်ဗျ"

ဦးခင်မောင်သည် သူ၏ရှေ့မှ စားပွဲကို လက်ဝါးဖြင့် ခပ်ဆတ်ဆတ် ထုလိုက်ရင်း "လက်စသတ်တော့ အရေးထဲမှာ အချစ်ရေးဆွေးနွေးပွဲ ကျင်းပနေကြတာကိုး၊ ကောင်းပြီလေ"

(၅)

"ဟုတ်ပါတယ်၊ လှမင်းပါ"

အတွင်းဝန်ဦးလှမင်းသည် တယ်လီဖုန်းလက်ကိုင်ကို အားရပါးရ ဆုပ်ကိုင်ရင်း နားထောင်လိုက်သည်။

"ကျုပ်အိမ်က စကားပြောနေကြတာ ဘယ်သူ၊ သေသေချာချာ ကြားရရဲ့လား၊ ပြောစမ်းဗျာ၊ အရေးထဲမှာ ဒီလောက်အလုပ်ရှုပ်နေတဲ့အထဲ စကားကောင်းနေတဲ့ဟာတွေ၊ ပြောစမ်းဗျာ မြန်မြန်... တောက်"

အတွင်းဝန် ဦးလှမင်းသည် တစ်ဖက်က တယ်လီဖုန်းပြုပြင်ရေးဌာန ဒု-တာဝန်ခံ ဦးခင်မောင်မှ ဦးလှမင်း၏အိမ်ရှိ တယ်လီဖုန်းလိုင်းကို ကြားဖြတ် ဝင်ရောက်နားထောင်၍ ရရှိခဲ့သော သတင်းမို့ ဒေါသကြီးစွာဖြင့် နားထောင်လိုက်ခြင်းဖြစ်လေသည်။

"မိန်းကလေး နာမည်က မြင့်တဲ့ခင်ဗျ"

"ဩော်"

အံ့အားသင့်ခြင်းနောက်တွင်မှ ဦးလှမင်း၏ ဒေါသသံတွေမှာ

mgyoe.com

mgyoe.com



ရောနှော၍ ထွက်ပေါ်လာသည်။

"ယောကျ်ားကလေး နာမည်ကတော့ ကိုကိုသန်းတဲ့ခင်ဗျ၊ ဒါပါပဲ ဝန်မင်း၊ ဝန်မင်းအိမ်က တယ်လီဖုန်းလိုင်း ကောင်းပါတယ် စိတ်ချပါ၊ ခုအထိ သူတို့ စကားပြောကြတုန်းမို့ လိုင်းတော့ မအားသေးပါဘူး ခင်ဗျာ".

"အိုး... နေပါစေ ဦးခင်မောင်၊ ရက် (စ်)၊ သြော်... အများကြီး ကျေးဇူးတင်ပါတယ် ဦးခင်မောင်၊ နေပါစေ၊ ကျွန်တော် အိမ်ကို ဖုန်း မဆက်တော့ပါဘူး။ ရုံးဆင်းချိန်လည်း နီးပြီမို့ အိုကေ..."

(၆)

"ဟုတ်ကဲ့၊ ကျွန်တော် ခင်မောင်ပါ"

"သြော်... သြော် မနေ့က ဝန်မင်းအိမ်က ဖုန်းမအားတာဟာ ဝန်မင်းအိမ်က အိမ်ဖော်မကလေး မိတူးနဲ့ သူ့သူငယ်ချင်း နောက်ပြောင် နေကြလို့လား"

"အိုး... အိုး ကျေးဇူးတင်ဖို့ မလိုပါဘူး ခင်ဗျာ၊ ဒါဟာ ကျွန်တော် တို့တာဝန်ပါ ဝန်မင်း၊ ကလေးတွေဆိုတာ ဒီလိုပါပဲ၊ ဒုက္ခပေးတယ်လို့ မအောက်မေ့ပါဘူး၊ ဟုတ်ကဲ့၊ အချိန်မရွေး အမိန့်ရှိပါခင်ဗျာ"

ခပ်ပြုံးပြုံးမျက်နှာကြီးဖြင့် တယ်လီဖုန်းပြုပြင်ရေး ဒုတာဝန်ခံ ဦးခင်မောင်သည် တယ်လီဖုန်းလက်ကိုင်ကို ဒိုင်ခွက်ပေါ်သို့ လှမ်း၍ တင်လိုက်ပြီး ဆေးလိပ်ခွက်ထဲမှ ဆေးပြင်းလိပ်တိုကို အသာ ကောက် ကာငင်ကာ ဖွာရင်း ဆေးဖြူသုတ်ထားသော မျက်နှာကြက်ဆီသို့ အသာမော့ကာ စဉ်းစားနေမိသည်။

သူ၏စဉ်းစားခန်း၌ မနေ့က ဝန်မင်းဘုရားအိမ်၌ မောင်နှံစုံ စကားပြောနေသော ဝန်မင်းဘုရား၏ ချစ်မငြိုး သမီး ယဉ်မြင့်မြင့်အစား

mgyoe.com

mgyoe.com



ယနေ့ ဝန်မင်းဘုရား ပြန်လည်၍ သတင်းပို့ရာ၌ အိမ်စေ မိတူးဘဝ အဖြစ်ဆန်းနေသည်ကိုများ အဖြေမထွက်၍ စဉ်းစားနေပေတော့ သလား ပရိသတ်တို့။

(စိတ်ကူးယဉ်သက်သက်မျှ ဖြစ်ပါသည်)

မြဝတီမင်္ဂဇင်း၊
ဇန်နဝါရီ၊ ၁၉၆၁။

❖

mgyoe.com

mgyoe.com



တိုလေကေရာ အားခဲ့တော်သုံးကျိပ် "

ရေးသည်။

mgyoe.com

mgyoe.com

## ပုဏ္ဏားပျံ

ကျွန်တော်၏မိတ်ဆွေ 'ပုဏ္ဏားပျံ' တစ်ယောက်ကိုဖြင့် ယခုတိုင် သတိရနေပါသေးသည်။

ပညတ်နှင့်ဓာတ်သက် ကိုက်ညီအောင် ရုပ်ဆင်းသဏ္ဌာန်မှစ၍ လျှင်မြန်ဖျတ်လတ်မှုဒ္ဓပါ အတုယူဖွယ်ကောင်းသော ပုဏ္ဏားပျံပင် ဖြစ်ပါသည်။

ချစ်မိတ်ဆွေ ပုဏ္ဏားပျံ၏ ဘဝလမ်းခရီးဖြစ်စဉ်ကို ကျွန်တော်သည် ဘေးမှနေ၍ လေ့လာသုံးသပ်ခဲ့နိုင်သည့်အတွက် ကျွန်တော့်အဖို့ ဘဝ၏သင်ခန်းစာတစ်ပုဒ်ကို ရရှိခဲ့နိုင်ပေ၏။ လောကဓံတရား ရှစ်ပါး၏ အနက်အဓိပ္ပာယ်ကိုလည်း ကျွန်တော် သဘောပေါက်ခဲ့နိုင်စေ၏။ လူတစ်ယောက်၏ အပြင်မှနေ၍ တွေ့မြင်ရသော အဆင်းသဏ္ဌာန်နှင့် အတွင်းစိတ်တို့၏ ခြားနားကွာခြားမှုတို့ကိုလည်း ကျွန်တော့်အတွက် ရယူစေခဲ့၏။ ထို့ကြောင့် ချစ်မိတ်ဆွေ ပုဏ္ဏားပျံကိုဖြင့် ကျေးဇူးတင်၍ မဆုံးနိုင်တော့ပါ။

mgyoe.com

mgyoe.com


ပုဏ္ဏားပျံနှင့် ကျွန်တော် ဆုံတွေ့ရပုံမှာလည်း မမျှော်လင့်သော အချိန်ကာလတစ်ခု၌ ဖြစ်ပါသည်။ တွေ့ဆုံမိပုံမှာ ဇာတ်ကွက် ဇာတ်လမ်း ဆန်လှပေ၏။ မမေ့နိုင်သော ဆုံတွေ့မှုသည်လျှင် ယခုတိုင် ပေါ်ထွက်နေရစ်ခဲ့သည့် အမှတ်တရ အဖြေလွှာတစ်ခုအနေနှင့် ကျန်ရစ်ခဲ့ပေ၏။

ဟေမာန်ကုန်လုစ် နွေဦးသစ်၌ တပို့တွဲလ၏ နေ့တစ်နေ့ ဖြစ်ပါသည်။

လက်သံပြောင်ပြောင်နှင့် အကွက်ကျကျ တီးနေသော လေးကင်းဆိုင်းသံသည် စာမေးပွဲဖြေဆိုရန် စာကျက်နေကြသည့် ကျွန်တော်တို့ ကျောင်းသားများ၏ နားအားလုံးထဲသို့ ချင်းနင်းဝင်ရောက်လာကြလေပြီ။ နဲ့သံ၊ ပတ်မကြီးသံနှင့် ပီသလှသည့် ဝိုင်းတွင်းမှ ပတ်လုံးသံများသည် လေရူးကလေးနှင့်အတူ ကျွန်တော်တို့၏ စာကျက်ခန်းမဆောင်ထဲသို့ လိမ့်ကာလူးကာဖြင့် ဆိုက်ရောက်ခဲ့ကြလေသည်။

ထိုလေးကင်းဆိုင်းသံသည်ကား ကျွန်တော်၏ ဇာတိချက်ကြွေသတင်းထွားသည့် ပျဉ်းမနားမြို့ရှိ တန်ခိုးကြီးဘုရားတစ်ဆူ ဖြစ်တော်မူသည့် လောကမာရဇိန်စေတီတော် ဘုရားပွဲကျင်းပရာမှ လက်ဝှေ့ပွဲက လက်ဝှေ့ဆိုင်းသံသာလျှင် ဖြစ်ပေ၏။ လေသင့်တိုင်း လက်ဝှေ့ဆိုင်းသံသည် ကျွန်တော်တို့အား လက်ဝှေ့ပွဲဆီသို့ ဖိတ်ခေါ်နေသလို ကျွန်တော်တို့၏စိတ်ဓာတ်များအား လှုံ့ဆော်တက်ကြွစေပါတော့သည်။

ကျွန်တော်တို့ ကျောင်းတော်သားတစ်သိုက်၏ ပညာနို့ သောက်စို့ရာ ပျဉ်းမနားမြို့ အနောက်ဘက်ရှိ ရှမ်းကျောက်တောင်ပေါ်၌ တည်ရှိသည့် ကေအီးအမ် အထက်တန်းကျောင်း (ဗုဒ္ဓဘာသာ အထက်တန်းကျောင်းကြီး) သည် တောင်ထိပ်ပေါ်တွင် တည်ရှိနေသည့်အတွက် မြို့၏ တောင်စဘုရားပွဲအတွင်းမှ တီးမှုတ်နေကြသည့် လက်ဝှေ့ဆိုင်းသံ

mgyoe.com

mgyoe.com



မှာ အနှောင့်အယှက် အတားအဆီးမရှိဘဲ စာကျက်နေကြသည့် ကျွန်တော်တို့ဆီသို့ ချောမောစွာဖြင့် ကြားရောက်နိုင်ပါသည်။ နဝမတန်းတက် စာမေးပွဲဖြေဆိုရန် ရက်နီးကပ်လာသည့်အတွက် ဆရာကြီးက ကျွန်တော်တို့ကျောင်းသားများအား သင်ကြားပြီး ပညာရပ်များကို ပြန်လှန်လေ့လာကျက်အံရန် လွတ်လပ်ခွင့် အချိန်ပေးထားခိုက်ဖြစ်ပါသည်။ နွေကျောင်းပိတ်ရန် ရက်ကလည်း နီးကပ်သည်က တစ်ကြောင်း၊ ပူပြင်းသော နွေဥတုအရှိန်ကြောင့် နေ့ ၁၂ နာရီ ကျော်လွန်ခဲ့လျှင် နေပူရှိန်သင့်၍ ကျောင်းသူကျောင်းသားများ သည်းမခံမရပ်နိုင်အောင် ခေါင်းကိုက်မူးဝေသည့် အခြေအနေကြောင့် ကျောင်းကို နံနက် ၈ နာရီမှ နေ့ ၁၂ နာရီအထိသာ ဖွင့်ထားသော သမယလည်း ဖြစ်လေသည်။

ကျောင်းသားကြီးပိုင်းမှ လက်ပတ်နာရီများကို မကြာခဏ ငုံ့ကြည့်ကာ ဂနာမငြိမ်နေသလောက် ကျွန်တော်တို့ကျောင်းသားငယ်များကလည်း ဖင်တကြွကြွနှင့် ကျောင်းဆင်းခေါင်းလောင်းခေါက်သံကိုသာ နားစွင့်နေမိကြတော့၏။ ကျောင်းသားအချင်းချင်းလည်း မျက်စမျက်နဖြင့် လက်ဖှေ့ဆိုင်းသံ ထွက်ပေါ်လာရာဘက်သို့ အချက်ပေးသည့် သဘောနှင့် ပြသနေကြပြီးလျှင် ချိန်းဆိုချက်တစ်ရပ် စီစဉ်နေမိကြလေသည်။

"ဒီနေ့ လက်ဖှေ့ပွဲကောင်းမယ်ကွ။ မှတ်ကြီးနဲ့ ပြေကျော်၊ ပုဏ္ဏားပျံနဲ့ စိန်ထွေး၊ အမီလစ်မှ နေရာရမယ်..."

ကျောင်းသားတစ်ဦးက ဆရာအလစ်တွင် ရှေ့ခုံရှိ ကျောင်းသားများဆီသို့ လှမ်း၍သတင်းပို့လိုက်ပါသည်။

"ပုဏ္ဏားပျံလားဟေ့... နိပ်ဟ၊ သိပ်ကြည့်ကောင်းမယ့်ပွဲပဲ၊ စိန်ထွေးလည်း မညံ့ဘူးနော်၊ ထွန်းတင်ရေ မင်းဘာသာလိုက်ခဲ့ပေတော့၊

mgyoe.com

mgyoe.com



ငါတော့ ကျောင်းဆင်းရင်ဆင်းချင်း ထမင်းမစားဘဲ လစ်နှင့်တော့မယ်"

ကျွန်တော်၏ညာဘက်ရှိ ခုံတန်းမှ အောင်ခင်နှင့်ဖေကြည်တို့၏ တိုင်ပင်သံ ဖြစ်ပါသည်။

ပုဏ္ဏားပျံဟု ခေါ်သော နာမည်သည် ဗမာလက်ဝှေ့ပွဲတိုင်း၌ ခေတ်စားနေသော လက်ဝှေ့သမား၏နာမည် ဖြစ်ပါသည်။ လက်ဝှေ့ ဝါသနာအိုးတိုင်း၏ ပါးစပ်၌ 'ပုဏ္ဏားပျံ၊ ပုဏ္ဏားကလေး ကုလားပျံ ကလေး' ဟူသော ဝေါဟာရစကားလုံးများဖြင့် နာမည်ကြီးကာ လက်ဝှေ့ပရိသတ်တို့၏ အချစ်တော် လူစွမ်းကောင်းတစ်ယောက်အဖြစ်နှင့် ရေပန်းစားနေသည်ကို ကျွန်တော် မှတ်သားမိပါသည်။

ထိုအခိုက်တွင် ကျွန်တော်၏ ပခုံးကိုပုတ်၍ "ဟေ့ ခင်မောင်ဦး၊ မင်းက အင်္ဂလိပ်ဘောက်ဆင်မှာ ချန်ပီယံဖြစ်ပေမယ်လို့ ဗမာလက်ဝှေ့ ကို ဝင်ပြီးထိုးရဲပါ့မလားကွ၊ ဘယ့်နှယ်လဲ မင်းဝင်ထိုးရဲရင် ငါ ခု ငွေငါးဆယ် ပုံလောင်းလိုက်မယ်ဟေ့..."

အသံသြသြကြီးအရှင်ကား ကျွန်တော့် သူငယ်ချင်းဖြစ်သူ အေးမောင်ကြီးဆိုသူဖြစ်၍ ကျွန်တော့်အား ဗမာလက်ဝှေ့နှင့်ပတ်သက်၍ သတ္တိကို လာစမ်းပြန်လေပြီ။ သို့ရာတွင် ကျွန်တော်သည် အကြောင်း အကျိုး လေ့လာမစုံစမ်း မသိရှိရသေးလျက် ကြိုတင်၍ ကတိပေး ဆုံးဖြတ်သည့်အလေ့အထ မရှိသည်ကြောင့်...

"ဗမာလက်ဝှေ့ကို ငါကောင်းကောင်း နားမလည်ပေဘူးကွ၊ ကျွမ်းကျင်ရာ လိမ္မာကြတာပေါ့ သူငယ်ချင်း၊ လက်ဦးဆုံး ဗမာလက်ဝှေ့ ပွဲကို လေ့လာပြီး နည်းပရိယာယ် စုံစမ်းကြည့်ဦးမယ်၊ ပြီးတော့ မင်းရဲ့ တောင်းဆိုချက်ကို ငါအကြောင်းပြန်မယ်ကွာ..."

ကျွန်တော်၏ဖြေဆိုချက်အဆုံးတွင် အေးမောင်ကြီးသည် "စုံစမ်း လေ့လာဖို့ဆိုရင် သိပ်အချိန်မဆိုင်းနဲ့ကွာ၊ ဒီနေ့လက်ဝှေ့ပွဲဟာ

mgyoe.com

mgyoe.com



အကောင်းဆုံးပဲ ကိုယ့်လူ၊ ပုဏ္ဏားပျံနဲ့ စိန်ထွေးနဲ့ကွ၊ ဟီး...ဟီး ပုဏ္ဏားပျံ အကြောင်း မင်းမကြားမိဘူးလား၊ ပြောနေကြတာတယ်ကွာ မင်းကိုယ်တိုင် လိုက်ကြည့်စမ်း၊ ကမ္ဘာမှာ ဗမာလက်ဖွေ့လောက် မိုက်ကန်းတာရော၊ သတ္တိရှိတာရော ရှိမှာမဟုတ်ဘူးကွ။ မင်းတို့ အင်္ဂလိပ်လက်ဖွေ့နဲ့တော့ ဆီနဲ့ရေပဲ"

ကျွန်တော်သည် လက်ပတ်နာရီကို တစ်ချက်ကြည့်လိုက်ပြီးလျှင် "ကျောင်းဆင်းဖို့ ငါးမိနစ်ပဲ လိုတော့တယ်။ ကျောင်းဆင်းရင်ဆင်းချင်း အိမ်ပြန်ထမင်းစားပြီး သွားကြတာပေါ့ကွာ"

"ဟာ... ဘယ်ဖြစ်မလဲ၊ ထမင်းတွေဘာတွေ သိပ်သတိရမနေနဲ့ ကွ၊ ဟိုကျမှ နီးရာဆိုင်ဝင်ပြီး စားရအောင် လက်ဖွေ့ပွဲကောင်းမို့ စောစော နေရာလုကြရမယ်။ နောက်ကျခံလို့မဖြစ်ဘူး။ မင်းတစ်ခါတည်း ငါနဲ့ လိုက်ခဲ့ပေတော့..."

အတင်းရော၊ အဓမ္မရော ဆွဲခေါ်ခမန်းပင် ကျွန်တော်၏သူငယ်ချင်း အေးမောင်ကြီးသည် ကျွန်တော့်အား လေးကင်းသံ တခြိမ့်ခြိမ့် ပတ်မသံ တငြိမ့်ငြိမ့် ထွက်ပေါ်လာရာ လက်ဖွေ့ပွဲဆီသို့ ခေါ်ဆောင်နေတော့ သည်။

ကျောင်းဆင်းခေါင်းလောင်းသံနှင့်အတူ အလျင်စလို ကျောင်း ဆင်းသွားကြသည့် ကျောင်းတော်သူ ကျောင်းတော်သားတို့၏ ဖိနပ်သံ တရှပ်ရှပ်၊ လုံချည်သံ တရွှမ်းရွှမ်းတို့အထက်မှ "လစ်ဟေ့ မြန်မြန် လက်ဖွေ့ပွဲကို၊ ငါဖို့ နေရာဦးထားနှင့်ကွာ၊ ခုလာခဲ့မယ်၊ ပုဏ္ဏားပျံကွနော်၊ ရှောင်ပါဘူးဟေ့၊ ထိုးပေး ထိုးပေး၊ ချပေး ဘာတဲ့တုံး" ဟူသော လက်ဖွေ့ဝါသနာအိုးတို့၏ စေတနာ့ဝန်ထမ်း လက်ဖွေ့ပွဲဝါဒ ဖြန့်ချိ သည့် ကြွေးကြော်သံများကို ကြားမိပါတော့၏။

ကျွန်တော်အပါအဝင် အေးမောင်ကြီး အစရှိ၍ ကျောင်းတော်

mgyoe.com

mgyoe.com



သားတစ်သိုက်မှာ စာအုပ်ကိုယ်စီ၊ လွယ်အိတ်ကိုယ်စီဖြင့် ဘုရားရင်ပြင်တော်ပေါ်သို့ ခပ်သုတ်သုတ်တက်ခဲ့ကြသည်။ ရောက်မဆိုက်ခင်ပင် ပီသလှသော နှဲသံနှင့် လေးကင်းဆိုင်းသံသည် ကျွန်တော်တို့ လူရွယ်တစ်သိုက်အား "အမြန်တက် အမြန်လာ" ဟူသော သဘောမျိုးပေါက်ရောက်အောင် မြိုင်မြိုင်ဆိုင်ဆိုင်ကြီးနှင့် ဆီးကြိုနှုတ်ဆက်ပါတော့သည်။

တောင်ဘက်မုခ်ဝရှိ ဆင်းတုတော်များကို ကမန်းကတန်းနှင့် ပေါက်ဆိန်ပေါက် ဦးချခဲ့ကြပြီးနောက် ပွဲခင်းရှိရာ တောင်ဘက်စောင်းတန်းဆီသို့ အဆင်းအတက် ရှုပ်ထွေးနေသည့် ဘုရားဖူးလူအုပ်များအကြားမှ အတင်းတိုးဝှေ့၍ ဆင်းခဲ့ကြသည်။ ကျွန်တော်တို့ကျောင်းသားသိုက်သည် အားလုံးလိုလို ဝိတ်သမား၊ အလေးမ ကာယဗလသမားချည်းလိုလိုဖြစ်၍ လက်ဝှေ့ပွဲဆီသို့ အစောရောက်လိုသည့် ဆန္ဒကြောင့် ပြည့်ညပ်နေသည့် စောင်းတန်းဆီမှ လူညီညီခပ်ကြမ်းကြမ်း တိုးဝှေ့ဆင်းခဲ့မိသည်။ အဖြေမှာ ဆူပွက်ကျန်ရစ်သော ဘုရားဖူးလာသူတို့၏ ကောင်းချီးဩဘာသံများပင် ဖြစ်ပေ၏။

"ဘယ်လိုလူစားတွေလဲ မသိဘူး၊ အကြမ်းတိုးဆင်းကြတယ်။ လက်ထဲမှာလည်း စာအုပ်တွေနဲ့ ကေန္တ ကျောင်းသားတွေပါ၊ သိပ်သောင်းကျန်းတဲ့အကောင်ကလေးတွေ၊ လူကို အောင့်သွားတာပဲရှင်၊ ကျွန်မခြေဖျားလည်း တက်နင်းသွားသေးတယ်"

ဘာပဲဖြစ်ဖြစ်၊ ဘယ်လိုအပြစ်တင်ချင် တင်ကြပေစေ ကျွန်တော်တို့ကား ဝန်ခံရန် ဝန်မလေးပါ။ လက်ဝှေ့ပွဲသို့ရောက်ဖို့သာ လိုပါသည်။ ဖုန်တထောင်းထောင်းထနေသော ပွဲခင်းထဲမှ ကျင်လည်စွာဖြင့် အေးမောင်ကြီးသည် ခေါင်းဆောင်၍ ခေါ်ငင်သွားကြပြီးနောက် ညဥ့်ခင်းတွင် ပွဲခံရာ၊ နေ့ခင်းအဖို့ လက်ဝှေ့ပွဲကျင်းပသည့် ဇာတ်ရုံပေါက်ဝသို့

mgyoe.com

mgyoe.com


ရှောင်တခင်အတွင်း၌ ဆိုက်ရောက်မိကြတော့သည်။

တစ်ယောက်လျှင် တစ်မတ်ကျနှုန်းဖြင့် လက်မှတ်ဝယ်ခိုင်းပြီးနောက် ယောကျ်ားပရိသတ်ချည်းသာ တစ်သုတ်ပြီးတစ်သုတ် ဝင်ရောက်နေသည့် လက်ဝှေ့ပွဲခင်းထဲသို့ ကျွန်တော်တို့ ကျောင်းသားတစ်သိုက်သည် ရင်တဒိတ်ဒိတ်ခုန်လျက် ဝင်ရောက်ခဲ့ကြလေသည်။ တစ်ခဲနက်သော လေးကင်းဆိုင်းသံနှင့် လက်ဝှေ့သမားတို့သည် တဖြောင်းဖြောင်း မြည်ဟည်းပေါ်ထွက်လာသည့် လက်ပမ်းပေါက်ခတ်သံများသည် ရုံပေါက်ဝသို့လျှံ၍ တိုးထွက်ခဲ့ပေပြီတကား...။

"ဖြောင်း... ဖြောင်း... ဖြောင်း..."

လက်ပမ်းပေါက်ခတ်လိုက်သည့် လက်ဝှေ့သမားတစ်ဦး၏ ဟန်ရေးပြရန် ပြင်လိုက်သည့်တစ်ပြိုင်နက်တည်း ဆိုင်းဝိုင်းကြီးအတွင်းမှ လေးကင်း အစချီရန် နှဲကလည်း လက်စမ်းလိုက်ပါသည်။

ဒိုင်လူကြီးများစုရုံး၍ ထိုင်နေရာဆီသို့ ဆောင့်ကြောင့်ထိုင်၍ လက်ဝှေ့သမားသည် ဦးသုံးကြိမ်ချလိုက်ပြီးနောက် လေးကင်းဆိုင်းစည်းချက်နှင့်အတူ အကွက်ကျကျ လက်ဝှေ့ရေးပြလိုက်လေသည်။

အကျယ်အဝန်း ပေငါးဆယ်ခန့် အဝန်းအတွင်းရှိ သဲများဖြန့်၍ ခင်းထားသည့် လက်ဝှေ့ဝိုင်းထဲတွင် လက်ဝှေ့သမားမျိုးစုံကို ကျွန်တော် သတိပြုမိပါသည်။ လက်ကောက်ဝတ်ခန့် တုတ်ခိုင်သည့် အုန်းဆံကြိုးကြီးတစ်ချောင်းသည် လက်ဝှေ့ဝိုင်းကို ပတ်လည်ကာရံ၍ ပွဲကြည့်ပရိသတ်များနှင့် လက်ဝှေ့သမားများကို ခြားနားခွဲခြမ်းထားသည်။ ဝိုင်း၏ထိပ်တည့်တည့်၌ ကုလားထိုင်ကိုယ်စီနှင့် ဒိုင်လူကြီးများ၊ ဆရာဝန်တစ်ဦး၊ ဘုရားလူကြီးတစ်သိုက်ကိုလည်းကောင်း၊ လက်ဝှေ့ဝိုင်း၏ အနောက်တောင်ထောင့် ကြိုးဝိုင်းအပြင်၌ လေးကင်းဆိုင်းဆရာများနှင့် တိုးနယားရုပ်အဟိန်းသားနှင့် ဆိုင်းဝိုင်းကိရိယာအစုံကိုပါ

mgyoe.com

mgyoe.com


မြင်နိုင်ပေ၏။

လက်ဖွဲ့ပွဲခေါင်းဆောင် ဒိုင်လူကြီးနှစ်ဦးသည်လည်း လက်ဖွဲ့သမားများထက်ပင် ဟန်ရေးဝါရေး များလှပေ၏။ ခေါင်းပေါင်းဝါဝါကို အစရှည်ရှည်ချကာ ခေါင်း၌ပေါင်းထားပြီးလျှင် ခါးအထက်ပိုင်း၌ ဗလာချည်ထားလျက် တောင်ရှည်ပုဆိုးကွက်ကြီးကို အောက်ကျို့ ခါးတောင်းကျိုက်၍ ရင်ဘတ်နှင့်လက်မောင်းများတွင် ဆေးနီအရဲသားနှင့် အသက်ငါးဆယ်ခန့်ရှိ လက်ဖွဲ့ခေါင်း လူကြီးနှစ်ဦး၏ သဏ္ဍာန်မှာလည်း ဟန်ပါလှပါပေ၏။ လက်ဖွဲ့ခေါင်းနှစ်ဦး နောက်ပိုင်းရှိ ကြိုးတန်းဝိုင်းတစ်လျှောက်၌ကား ခါးတောင်းတကျားကျားကျိုက်၍ လူမိုက်မျက်နှာမျိုးဖြင့် အထက်ပိုင်း ဗလာကျင်းနေကြသည့် လက်ဖွဲ့သမားတစ်အုပ်ကြီးသည် ပြုံးရွှင်ရယ်မော၍ လက်သီးသွေးနေကြပုံ ရပါပေသည်။

ကျွန်တော်တို့ ရဲဘော်တစ်သိုက်သည် အလာကောင်းပေမယ့် ကျွန်တော်တို့ထက် လက်ဦးအစောရောက်နှင့်ကြသည့် ပရိသတ်များကြောင့် နေရာကောင်းရဖို့အရေးအတွက် အတော်ကလေး ခက်ခက်ခဲခဲလုံးပန်းကြရသည်။ ရှေ့ဆုံးတန်းနောက် ဒုတိယတန်းရောက်ရန် ကြိုတ်၍ တိုးတက်ခဲ့ရလေသည်။ ရွှေပွဲလာ ပရိသတ်များအနက် ကွက်တိကွက်ကျား မိန်းမတစ်သိုက်ကိုလည်း တွေ့မိပါသည်။

လက်ဖွဲ့ခေါင်းလူကြီးသည် ပရိသတ်အခြေအနေကို အကဲခတ်လိုက်ပြီးလျှင် "ကဲ... စိန်ထွေးထွက်ပြီး လက်ဖွဲ့ရေးပြစမ်း" ဟု နောက်ပိုင်းသို့ လှမ်း၍အမိန့်ပေးလိုက်ပါသည်။

အရပ် ငါးပေ ရှစ်လက်မခန့် ကိုယ်လုံးကိုယ်ထည်တုတ်ခိုင်၍ အသက်သုံးဆယ်ကျော်ကျော်ရှိမည် ထင်ရသော အင်္ကလိပ်ဆံတောက်တိုတို ညှပ်ထားသည့် အသားနီစပ်စပ်နှင့် လက်ဖွဲ့သမားတစ်ဦးသည် ကွမ်းစားနေရာမှ ပြုံး၍ထကာ ရပ်လိုက်လေသည်။

mgyoe.com

mgyoe.com


ပရိသတ်များ၏ ပါးစပ်မှ တစ်ခဲနက်တည်း "စိန်ထွေးကွ... စိန်ထွေး၊ ဘာတဲ့ လုပ်ပေးကွ" ရုံကို ဖောက်ထွက်ခမန်း သြဘာပေး၍ လက်ခုပ်တီးကြလေသည်။

"ဟော့... ခင်မောင်ဦး အဲဒီအကောင်ဟာ တလိုင်းကရင် စိန်ထွေး တဲ့ကွ၊ လက်ဝှေ့မှာ ပထမတန်းပဲ၊ သူနဲ့သတ်ရဲသူ ရှားတယ်၊ ဒီနေ့ ပုဏ္ဏားပျံနဲ့ တွေ့ကြလိမ့်မယ်"

ခပ်တိုးတိုးလေသံနှင့် အေးမောင်ကြီးက ကျွန်တော်သို့လှမ်း၍ ပြောလိုက်ပြန်တော့၏။

လက်ဝှေ့သမား စိန်ထွေး၏ ရုပ်အဆင်းကို ကြည့်ရသည်မှာ ရဲရင့်ခြင်း၊ ပမာမခန့်ကြည့်ခြင်းပါသည့် မျက်လုံးနှစ်စုံဖြင့် လက်ဝှေ့ လေ့ကျင့်ခန်းကို နှစ်ရှည်လများကပင် ကျင့်ထားကြောင်း အထောက် အထားအဖြစ်နှင့် ကြွက်သားအစီအရီဖြစ်နေ၍ အချိုးအစားကျလှသည့် သူ၏ကိုယ်လုံးကိုယ်ထည်မှ သက်သေခံနေပါသည်။

ဒိုင်လူကြီးများဆီသို့ သုံးကြိမ်ကန်တော့ပြီးနောက် တုတ်ခိုင်ထွား ကျိုင်းသည့် လက်မောင်းဆီသို့ ညာဘက်လက်မောင်းဖြင့် ခတ်၍ တဖြောင်ဖြောင်အသံကြီးကို ထွက်စေပြီးလျှင် ရင်ကိုကော့၍ ရပ်လိုက် ပြီးနောက်...

"စိန်ထွေးတဲ့နော်... တစ်ထွေးအပြင် နှစ်ထွေးမရှိဘူး။ အဝေးအနီး နိုင်ငံတလွှားမှာ ပြိုင်စံရှားတဲ့ လက်ဝှေ့ဘုရင် ယှဉ်ပြိုင်သူ ဗိုလ်မထား ဘူး၊ ကျားဆိုမှကျား၊ မတစ်ထောင် တစ်ကောင်ဖွားဟော့၊ လူမှန်ရင် တစ်လံလောက်မြင့်မြင့် လက်သီးဝင့်လိုက်ရင် အသက်ပျောက်စေ့မယ်။ ကိုင်း... ဝိုင်းတော်က တိုင်းကျော်အောင် တီးလိုက်စမ်း"

ကြုံးဝါးလိုက်ပြီးနောက် ဆိုင်းချက်နှင့်အတူ လက်ပမ်းပေါက် ခတ်ကာ ခတ်ကာ လက်ဝှေ့ရေးပြပါသည်။ ဘယ်လက်ဖဝါးကို ဆုပ်

mgyoe.com

mgyoe.com


ထားရာမှ ဖြန့်၍ရှေ့ထုတ်လိုက်ပြီးလျှင် ညာလက်သီးကိုအားယူ၍ နောက်သို့ ဆန့်၍ထုတ်လိုက်ရင်း ရှေ့သို့တက်နေသည့် ဘယ်ခြေမှ ဆတ်ခနဲခုန်၍ နောက်သို့ရောက်နေသည့် ညာခြေဖနောင့်နှင့်ချ၍ အကွက်ကျနစွာဖြင့် ဟန်ရေးပြလျက် ရှိတော့၏။ အတွင်းခံဘောင်းဘီ ကျပ်ကလေးကိုဝတ်၍ အပေါ်ယံတွင် ခါးတောင်းမြှောင်လောက်အောင် ကျိုက်ထားပြီးလျှင် ရှေ့ပိုင်းမှ လုံချည်အခေါက်တစ်ထည်ကို ခါးနောက်သို့ တင်းကျပ်စွာစည်းထားသည့် စိန်ထွေး၏ အထက်ပိုင်းနှင့် အောက်ပိုင်း ကိုယ်အင်္ဂါကြွက်သားများမှာ ချွေးရောင်တပြောင်ပြောင်နှင့် အထူးပနံရပါပေ၏။ တစ်ခါတစ်ခါ ဒူး၊ ခြေဖျား၊ တံတောင်နှင့်တိုက်ပုံ၊ ထိုးပုံများကိုထည့်၍ ခြေနှစ်ဖက်ကလည်း ကျင်လည်စွာဖြင့် ဆိုင်းနှင့် စည်းဝါးတကျ တစ်ထပ်တည်းနေအောင် လက်ဝှေ့ရေးပြနေသည့် စိန်ထွေးအား ပွဲကြည့်ပရိသတ်တို့၏ လက်ခုပ်တီး၍ အားပေးသံ၊ လေချွန်သံ၊ နာမည်ခေါ်ငင်၍ ချီးမြှောက်သံများသည် ဆိုင်းသံနှင့် ပြိုင်နေတော့၏။

ဆိုင်းချက်အချအဆုံး၌ ဝါရင့်ပြီးသား စိန်ထွေးသည် ဘယ်ဒူး ထောက်၊ ညာဒူးထောက်လျက် ဘယ်လက်မှ ရှေ့သို့တွန်းဟန်၊ ညာလက်မှ တအားကျုံး၍ ထိုးမည့်ပုံမျိုးဖြင့် လက်ဝှေ့ရေးကို အဆုံး သတ်ချလိုက်လေသည်။

တအုန်းအုန်းနှင့် လက်ခုပ်တီးသံ "စိန်ထွေးကွ၊ တစ်ထွေးတည်း ရှိတယ်" ဟူသော အော်ဟစ်၍ အားပေးသံများသည် တစ်ပြိုင်နက် တည်း ထွက်ပေါ်လာပါသည်။ လက်ဝှေ့ရေးပြကောင်း၍ ဆုအဖြစ် ချီးမြှင့်သည့် ငွေစက္ကူတစ်ကျပ်တန်၊ ငါးကျပ်တန်၊ တစ်ဆယ်တန်များ ကိုလည်း လက်ဝှေ့ခေါင်း ဒိုင်လူကြီးကိုယ်တိုင် လိုက်လံကောက်ယူ နေရတော့သည်။

mgyoe.com

mgyoe.com


ထို့နောက် ခေါင်းပေါင်းစ ဖားလျားရှည်နှင့် လက်ဝှေ့ခေါင်းဒိုင်လူကြီးသည် "ကိုင်း... ခုတစ်ခါဖြင့် ပုဏ္ဏားပျံအလှည့်ဟော့၊ တစ်ချီတစ်မောင်းထွက်ပြီး လက်ဝှေ့ရေးပြစမ်း ပုဏ္ဏားကလေး..."

"ဟော့... ပုဏ္ဏားပျံကွနော်၊ ပုဏ္ဏားကလေး လာပြီ လာပြီ၊ သတ္တိခဲဗိုလ်မထားတဲ့ ပုဏ္ဏား...."

တစ်ခဲနက်တည်း လက်ဝှေ့ပွဲကြည့် ပရိသတ်များသည် လက်ခုပ်တီးသံရော၊ ပါးစပ်မှ ဖော်ထုတ်၍ ဩဘာပေးသံရောပါ လက်ဝှေ့ရုံကြီးပွင့်ထွက်သွားခမန်း ဂယက်ရိုက်ခတ်နေတော့၏။

ဒိုင်လူကြီးများနောက်ပိုင်းရှိ ကြိုးတန်းအနီးမှ လက်ဝှေ့သမားတစ်ဦးသည် ဣန္ဒြေရရနှင့် ခပ်အေးအေးအမူအရာဖြင့် ထ၍ရပ်လိုက်လေသည်။

အမေရိကန်ပုံ ဆံတောက်ရှည်ရှည်ထား၍ ဆံပင်များမှာလည်ကုပ်နောက်ပိုင်းပေါ်၌ ပျံ့ဝဲနေသည့် အသားညိုညို၊ မျက်နှာသေးသေးသွယ်သွယ်နှင့် အရပ် ငါးပေလေးလက်မထက် မမြင့်သည့် လက်ဝှေ့သမား၏ အဆက်အပေါက်ကို ကျွန်တော်သည် မျက်တောင်မခတ်တမ်း အကဲခတ်နေမိပါသည်။

ညိုမောင်းသော အသားအရေအောက်၌ ကျစ်လျစ်၍ အချိုးအစားကျရုံမျှသာ ကာယဗလပိုင်ရှင် ပုဏ္ဏားပျံ၏အခြေအနေကို လေ့လာမိပါ၏။ စိန်ထွေး၏ကာယဗလနှင့် ပုဏ္ဏားပျံ၏ ကာယဗလတို့ကို နှိုင်းယှဉ်ကြည့်လိုက်လျှင် စိန်ထွေး၏ ကာယဗလကို ပုဏ္ဏားပျံ မမီပါ။ အရပ်အမောင်းမှစ၍ ကာယဗလချင်းပါ စိန်ထွေးက ပုဏ္ဏားပျံထက် သာနေသည်ကို သိရှိမိပါသည်။

ဒိုင်လူကြီးများကို ဦးသုံးကြိမ်တိုက်ပြီးနောက် လေးငါးချက်မျှလက်ပမ်းပေါက်ကို တဖြောင်ဖြောင်ခတ်လိုက်လျှင် လက်နှစ်ဖက်ကို

mgyoe.com

mgyoe.com


ပိုက်၍ ခေါင်းမော့မော့ရပ်နေရာမှ....

"ပုဏ္ဏားပျံတဲ့ဟော့၊ ဥုံမခံတဲ့အကောင်ကွ၊ အကုန်နှံ့မယ်၊ မန္တလေး အထက်အညာက ဗမာစစ်၊ အမျိုးစစ်၊ တန်ခိုးစစ်တဲ့ သာကီသွေးမှန်တဲ့ ပုဏ္ဏားပျံတဲ့၊ ကြီးလျှင်နှယ်၊ ငယ်လျှင်ပြတ်၊ ရွယ်တူလျှင် သတ်လိုက် မယ်၊ လူမှန်ရင် ယှဉ်မရပ်လိုက်နဲ့၊ မတ်တတ်က ထိုးကာ အုပ်လိုက်ရင် အမျိုးပါပြုတ်စေ့မယ်နော်"

ဗိုလ်တကာ့ ဘုရင် ပုဏ္ဏားပျံ လက်သီးသွေးရအောင်၊ ကိုင်း... ရွာစား ဟန်ရေးပြ လေးကင်းတီးစမ်းဗျို့..."

လက်ဝှေ့ဆိုင်းကလည်း အားတက်စရာ ကောင်းလောက်အောင် လေးကင်းတီးသလောက် ပုဏ္ဏားပျံသည်လည်း ခြေနှစ်ဖက်မှ သိုင်းကွက် ကျကျနှင့်နင်း၍ လက်ဝှေ့ရေးပြတော့၏။ လက်နှစ်ဖက်မှာ အခြား လက်ဝှေ့သမားများ လက်ဝှေ့ရေးပြသလို ထိုးဟန်မပြဘဲ ယိုးဒယားဟန် ပါပါနှင့် ကွေးနေအောင် က၍လည်းကောင်း၊ ဘယ်ခြေညာလက်၊ ဘယ်လက်ညာခြေကို ခတ်၍ ဟန်ပါပြနေရုံမျှမကဘဲ တစ်ချီတစ်ချီတွင် ပေါ့ပါးစွာဖြင့် နောက်သို့ တစ်ပြန်ခုန်၍ ခြေနှစ်ချောင်းကို ကွေးညွတ်နေ အောင် အကွက်နင်းပြီးလျှင် ထိုးမည့်သတ်မည့်သဏ္ဍာန်ဖြင့် လက်ဝှေ့ရေး ပြနေပါသည်။ ပုဏ္ဏားပျံ၏ ပါးစပ်ကလည်း ပြုံးလိုက်ရယ်လိုက်နှင့် မျက်နှာပိုးမသေဘဲ တစ်လှည့်တစ်လှည့်တွင် ကြွေးသံပေးရင်း 'ယောက်ျား ဘသား' နှင့် ကြုံးဝါးနေပါသေး၏။ သူ၏ ရှည်လျားနေသောဆံပင် များသည်လည်း ပုဏ္ဏားပျံ ခုန်လွှားလိုက်တိုင်း၌ လေထဲမှ ပျံဝဲလျက် သူ၏နဖူးပြင်ကို ဖုံးလွှမ်းတော့မယောင် ကပိုကရို နိုင်လှပေ၏။

လက်ဝှေ့ဆိုင်းချက် အချတွင် လျင်မြန်ပေါ့ပါးစွာဖြင့် ပုဏ္ဏားပျံ သည် ဇော်ဂျီဒူးထောက် ထိုင်နေပုံအတိုင်း ဟန်ပါပါနှင့် ခပ်ပြုံးပြုံး မျက်နှာဖြင့် လက်ဝှေ့ရေးကို နိဂုံးသတ်လိုက်ပါသည်။

mgyoe.com

mgyoe.com


"ဟေး... ပုဏ္ဏားကလေးကွ၊ ပုဏ္ဏားပျံကွ...၊ ဒါမှ တို့ဗမာ ပုဏ္ဏား" ဟူသော လက်ဝှေ့ပွဲကြည့်ပရိသတ်တို့၏ ကျွက်ကျွက်ဆူနေသော သြဘာသံနှင့်အတူ ဆုတော်ငွေ၊ ငွေစက္ကူများမှာ ပလူပျံနေသလို လက်ဝှေ့ဝိုင်းထဲသို့ ဖွေးခနဲ ဖွေးခနဲ ကျရောက်လာပါတော့သည်။

ကျွန်တော့်အနေဖြင့် ဘေးကနေ၍ လက်ဝှေ့ပွဲကြည့်ပရိသတ်များ မျက်စိပသာဒခံစား၍ အရသာရှိသလောက်၊ ကောင်းသလောက် ပါဝင်ထိုးသတ်ကြသူများအဖို့ ကြောက်မက်ဖွယ်ရာကောင်းလှအောင် သွေးထွက်သံယို ရရှိစေရုံမျှမကဘဲ လောလောလတ်လတ်ထိုးရင်း မတ်တတ်မှ အသက်ပါပြတ်သွားအောင် ကြောက်စရာကောင်းလှသည့် ဗမာ လက်ဝှေ့ပွဲကြီးတစ်ပွဲ၏ ဗိုလ်နှစ်ဦးတို့၏ လက်စွမ်းပြယှဉ်ပြိုင် ထိုးသတ်ခန်းကို ကြည့်ရှုတွေ့ကြုံရတော့မည့် အရေးကြောင့် နားထင်ကြောများ တင်းလာအောင် စိတ်လှုပ်ရှားမှုဒဏ်ကို ခံနေရပါတော့သည်။

* * *

အဋ္ဌမမြောက် လက်ဝှေ့ဆိုင်းများသည် ပြီးဆုံးခဲ့ကြလေပြီ။ အရမ်းရော၊ ကာယဗလပါ အသုံးပြု၍ ဗမာလက်ဝှေ့ပညာကို ပြည့်စုံအောင် မတတ်ကြသည့်အလျောက် ထိုးသတ်၍ အရှုံးအနိုင်ရသူများသည် ပွဲဦးထွက် အပိုလက်ဝှေ့ပွဲ အဆိုင်းများသာဖြစ်ကြောင်း သိရပါသည်။ ကွဲသူကွဲ၊ ပြဲသူပြဲနှင့် တဘုံးဘုံး တဘင်းဘင်းနှင့် ထိုးသတ်ပွဲများတွင် ကျွန်တော့်အနေဖြင့် လက်ဝှေ့ပွဲ ပညာကောင်း အချက်အလက်ဟူ၍ ထိရောက်စွာ မမှတ်သား မရရှိခဲ့ပေ။

ယခုပွဲမူကား နဝမမြောက် အမှတ် ၉ အဆိုင်းဖြစ်သည့် ပထမတန်းပွဲကြီးပင် ဖြစ်ပေသည်။

"ယခု နောက်ဆုံးပိတ်အဆိုင်း အောက်ဗမာပြည်က တံခွန်စိုက်

mgyoe.com

mgyoe.com


စိန်ထွေးနှင့် အထက်ဗမာပြည်က တံခွန်စိုက် ကုလားကလေး ပုဏ္ဏားပျံတို့အလှည့်ပါပဲ၊ ကိုင်း... ပွဲဝင်တို့ ပြင်ကြပေတော့”

. အသံသြဇာကောင်းကောင်း၊ လက်ဝှေ့ခေါင်းဒိုင်လူကြီးသည် လက်ခမောင်းတစ်ချက်ခတ်၍ ပွဲခင်းအလယ်မှနေ၍ ကြွေးကြော်လိုက်လေ၏။

စိန်ထွေးနှင့် ပုဏ္ဏားပျံတို့သည် မျက်နှာချင်းဆိုင် တစ်လံအကွာတွင် ရပ်နေကြသည်။ လက်ဝှေ့ခေါင်း ဒိုင်လူကြီးနှစ်ယောက်က ကြားမှ လက်တန်း၍ ရပ်နေကြပြီးလျှင် ပွဲကြည့်ပရိသတ်များဘက်သို့ လှည့်၍...

“ကိုင်း... ရွှေပွဲလာတို့ နောက်ဆုံးပိတ် မျှော်လင့်တောင့်တနေတဲ့ အဆိုင်းပါပဲဗျာ” စိန်ထွေးကို လက်ညှိုးညွှန်ပြလိုက်ပြီးလျှင် “သူကတော့ အောက်ဗမာပြည်က တံခွန်စိုက် ဗိုလ်စိန်ထွေး၊ သူ့ကို မမြင်ဖူးကြပေမယ့် နာမည်ကြားရုံနဲ့ သူ့ရာဇဝင်ကို ပရိသတ်တွေသိပြီး ဖြစ်ပါလိမ့်မယ်။ တလိုင်းကရင် သထုံဇာတိပေါ့၊ သထုံ၊ မော်လမြိုင်၊ ပဲခူး၊ ပုသိမ်တစ်ဝိုက်မှာဆိုရင် သူ့ကို ဝိုင်းပယ်ထားတဲ့ လက်ဝှေ့ကျော်တစ်ဦးပေါ့ဗျာ”

တစ်ဖန် ဟန်ပါပါနှင့် လက်ဝှေ့ခေါင်းကြီးသည် ပုဏ္ဏားပျံဆီသို့ လက်ညှိုးနှင့်ထိုး၍ “ဒီကုလားကလေးကိုတော့ ရွှေပွဲလာတို့ သိပြီး ဖြစ်ပါလိမ့်မယ်၊ အထက်ဗမာပြည်က ပုဏ္ဏားပျံဆိုရင် ကလေးလူကြီးတွေ သြဘာပေးကြတဲ့ လက်ဝှေ့ကျော်ပဲ၊ တံခွန်စိုက်ပုဏ္ဏားပျံနဲ့ အောက်ပြည်က တံခွန်စိုက် စိန်ထွေးတို့ ရှမ်းနဲ့ဆင် လယ်ပြင်မှာ တွေ့ကြရတော့မယ်။ ကိုင်း အသင့်ပြင်ကြ...”

တစ်ဖက်ရှိ လက်ဝှေ့ခေါင်းက ဆိုင်းဆီသို့ ‘ဗိန်းဗောင်း’ တီးပေးရန် လှမ်း၍ လက်ဖြင့် အချက်ပေးလိုက်ပြီးနောက် ဒိုင်လူကြီး လက်ဝှေ့ခေါင်းနှစ်ယောက်သည် ပါးစပ်မှ တစ်နှစ်သုံးဟု ရေတွက်၍ လက်တန်း

mgyoe.com

mgyoe.com



ကို ဖြုတ်ချလိုက်လေတော့၏။ တစ်ပြိုင်နက်တည်းတွင် ဆိုင်းကလည်း သွေးကြွစေသည့် ဗိန်းဗောင်းသတ်ခန်းကို စတင်၍ တီးလိုက်တော့၏။

စိန်ထွေးသည် လက်ပမ်းပေါက်ဆင့်ကာ ခတ်လိုက်ပြီးလျှင် ပုဏ္ဏားပျိုကိုကြည့်၍ ခြေလှုပ်လှုပ် လက်လှုပ်လှုပ်နှင့် အကွက်ကောင်းကို ချောင်းနေတော့၏။ ပုဏ္ဏားပျိုကား ခါးကို ဟန်ပါပါနှင့်ထောက်၍ မခိုးမခန့်မျက်နှာဖြင့် လျော့ရဲရဲနေလေသည်။ ဘေးမှ ပရိသတ်များ၏ "ချဟေ့... စိန်ထွေး ချပါတော့လား... ပုဏ္ဏားပျိုကွနော်... ဝင်ပြီး နှိပ်လိုက်ပါလား" ဟူသော မြှောက်ပင့်အားပေးသံများသည် အလျှိုအလျှို ထွက်ပေါ်လာပြန်တော့သည်။ တစ်ချက်တွင် စိန်ထွေးသည် ခြေဖျားနှင့် ပုဏ္ဏားပျိုကို သိမ်းကျုံး၍ လှမ်းပြီးပစ်ခတ်ခတ်လိုက်၏။ ပုဏ္ဏားပျိုသည် စိန်ထွေး ခြေသလုံးအောက်မှ ဖျတ်ခနဲ အသာကပ်၍ ရှောင်လိုက်ပြီးနောက် ပါးစပ်မှ လျှာကိုထုတ်၍ စိန်ထွေးကို နောက်ပြောင်နေလေသည်။ စိန်ထွေးသည် ပုဏ္ဏားပျိုဆီသို့ ဖြုန်းခနဲ ချဉ်းကပ်၍ ဒူးနှင့်တိုက်လိုက်သည်တွင် ပုဏ္ဏားပျိုသည် စိန်ထွေး၏ဒူးကို ခြေဖဝါးဖြင့် ခုတ်ဖယ်ဖယ်လိုက်ပြီးနောက် စိန်ထွေး၏မျက်နှာကို စွပ်၍ 'ဖောက်ခနဲ' နေအောင် ထိုးလိုက်လေသည်။ တောင့်တင်းလှသော စိန်ထွေးကား အနည်းငယ်သာ အရှိန်ပျက်သွားပြီးနောက် ညာဘက်ခြေဖျားနှင့် ပုဏ္ဏားပျို၏ဆီသို့ ခတ်ဆုတ် ဆုတ်လိုက်သည်။ စိန်ထွေး၏မျက်နှာ၌ ပုဏ္ဏားပျို၏ လက်သီးဒဏ်ချက်ကြောင့် ရောင်တက်နီရဲသွားသလောက် ပုဏ္ဏားပျိုလည်း စိန်ထွေး၏ ခြေဖျားချက်ကို တင်ပါးစောင်း၌ မိသွား၍ ကိုယ်ရှိန်ပျက်သွားလေသည်။

"ချဟေ့... ချဟေ့... ဝင်ပါတော့လား" တစ်ခဲနက်သော ပရိသတ်များ၏ ကြွေးကြော်သံသည် ပွဲတင်ထပ်နေပြန်တော့သည်။ အလစ်တွင် ပုဏ္ဏားပျို၏ လျင်မြန်လှသော ခြေဖျားသည် ရှေ့သို့လိုက်လာသော

mgyoe.com

m·gyoe.com



စိန်ထွေး၏ ပါးချိပ်ဆီသို့ ဖြောင်းခနဲ ရောက်သွား၍ နောက်ထပ် ဒူးကို ဆင့်ရန် ပုဏ္ဏားပျံရှေ့အလိုက်တွင် စိန်ထွေး၏ လက်သီးက ပုဏ္ဏားပျံ မျက်ခွက်သို့ ဖောက်ခနဲ ထိုးသွင်းလိုက်သည်။ နှစ်ဦးစလုံး ခပ်မြက်မြက် ကလေး နာသွားကြ၍ ကိုယ်ရှိန်သတ်ကာ နောက်ဆုတ်ခွာ ခွာကြလေ သည်။

ဤတွင် ပထမတစ်ချီ လက်ဝှေ့ပွဲပြီး၍ ကြားမှ ဒိုင်လူကြီးနှစ်ဦး သည် လက်ချင်းယှက်၍ ဖျဉ်လိုက်လေသည်။ လက်ဝှေ့သမားနှစ်ဦး သည် ကိုယ့်နေရာအသီးသီး ပြန်၍ထိုင်ရင်း အနားယူလိုက်သည်တွင် ပွဲကြည့်ပရိသတ်မှာကား ထင်ကြေးအမျိုးမျိုးပေး၍ အငြင်းအခုံစကား များဖြင့် တဝေါဝေါ စကားသံများ ပေါ်ထွက်လာပါသည်။

ဒုတိယပွဲကား စတင်လေပြီ၊ စိန်ထွေးသည် ပထမပွဲကထက် ပို၍ ဒေါသထွက်နေပုံရပါသည်။ အံသွားကို ကြိတ်ထားသည့် တင်း ပြတ်သော မျက်နှာထားကို အတွင်းသား တွေ့မြင်နေရခြင်းကြောင့်ပင် ဖြစ်ပါသည်။ ပုဏ္ဏားပျံကား ပြုံးဖြဲဖြဲမျက်နှာဖြင့် ခပ်နွဲ့နွဲ့ရပ်နေလေ သည်။ စိန်ထွေးက လှမ်း၍...

"ဟေ့... ပုဏ္ဏား၊ မင်း ဒီတစ်ချီ သတိထားပေတော့၊ မှတ်လောက် သားလောက်အောင် ဆော်ထည့်ပေးမယ်"

ပုဏ္ဏားပျံသည် တဟဲဟဲရယ်မောလိုက်ပြီးလျှင် "တွေ့ကြသေး တာပေါ့ စိန်ထွေးရယ်" ဟု ရယ်သံကြီးနှင့် ဖြေလိုက်ပြီးလျှင် လက်ပမ်း ပေါက်ဆင့်၍ ခတ်ပြလိုက်ခြင်းဖြင့် မဖြုံကြောင်း ပြသလိုက်ပါသည်။ စိန်ထွေးသည် ပုဏ္ဏားပျံကို ကျားချောင်းသလို လှည့်ကာပတ်ကာ ချောင်းနေတော့သည်။ ဆိုင်းသည် ငြာသံများနှင့်ရော၍ အစွမ်းကုန်တီး လျက်ရှိသည်။ ပုဏ္ဏားပျံသည် ဖျတ်ခနဲ စိန်ထွေးဆီသို့ ခြေဖျားနှင့် လှမ်း၍ခတ်လိုက်သည်။ လျင်မြန်လှသော စိန်ထွေးက ဈေ့ခနဲနေအောင်

mgyoe.com

mgyoe.com



ပုဏ္ဏားပျံ၏ ခြေဖျားကို မိမိရရ ဖမ်းကိုင်ထားလိုက်တော့၏။ ပရိသတ်၏ပါးစပ်၌ "ဟယ်" ဟူသော ကြောက်လန့်တကြား အသံများ ရုတ်တရက် ပေါ်ထွက်လာသည်။

စိန်ထွေးသည် စစ်အောင်နိုင်သော စစ်သူကြီးတစ်ဦး၏မျက်နှာဖြင့် ပုဏ္ဏားပျံကိုကြည့်ကာ "ဘယ့်နှယ်လဲ ပုဏ္ဏားလေး မိနေပြီလကွာ၊ မင်း ဘယ်လိုကြိုက်သလဲ၊ ကိုင်ပြီးပေါက်တာ ကြိုက်သလား၊ ဝိုင်းအပြင်ဘက် လွှင့်ပစ်လို့ ခွေးကျကျတာ ကြိုက်သလား ပြောပေတော့"

ပုဏ္ဏားပျံသည် အရယ်မပျက်ဘဲ ခြေတစ်ချောင်းဖြင့် ကိုယ်ရှိန်မပျက်အောင် စိန်ထွေး၏ကျန်ခြေတစ်ဖက်ကို ဆွဲခေါ်ရာသို့ ခပ်တင်းတင်း ခံနေရင်းနှင့် "မင်းကြိုက်သလိုလုပ်လကွာ စိန်ထွေး၊ ဒါ မင်းကနိုင်ပြီလို့ ယူဆနေသလား"

"စိန်ထွေး ချပါတော့လား၊ ကိုင်ပေါက် ကြာကြာဆိုင်းမနေနဲ့ စိန်ထွေး..."

စိန်ထွေးကို ကြိုက်နှစ်သက်သော ပွဲကြည့်ပရိသတ်များသည် ဆူဆူပူပူ တိုက်တွန်းကြ၍ ရုံတစ်ရုံလုံးမှာ တဝုန်းဝုန်း ဖြစ်နေစဉ်တွင် "ပုဏ္ဏားကလေးကွနော်၊ ဘာမှမကြောက်နဲ့ ယောက်ျားဘသားဟေ့၊ တောင့်ထား"

ပုဏ္ဏားပျံကို သဘောကျသူများ၏ အားပေးသံများသည်လည်း အားကျမခံ ပေါ်ထွက်လာလေသည်။

စိန်ထွေးသည် မိမိအား ပမာမခန့် နောက်ပြောင်နေသော ပုဏ္ဏားပျံကို အပြီးသတ် ရှင်းလင်းလိုက်ရန်အတွက် သူ၏လက်နှစ်ဖက်အတွင်း၌ ချုပ်ပြီးကိုင်ပြီး မိနေသော ပုဏ္ဏားပျံ၏ညာခြေများကို တအားဆွဲ၍ သူ၏ဘက်သို့ မြှောက်ဆွဲ ဆွဲယူလိုက်သည်တွင် ဘယ်ခြေတစ်ဖက်ကို အားပြုနေရသော ပုဏ္ဏားပျံသည် စိန်ထွေး၏ ဆွဲဆောင်ရာသို့ မြှောက်

mgyoe.com